# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ | Monday, 5 February 2018 | ၉၁၉၁


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်မည့်နေရာ၊ ဘွေနူးမြစ်ကူးတံတား တည်ဆောက်မည့်နေရာနှင့် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

နေပြည်တော်   ဖေဖော်ဝါရီ   ၄

**ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းက ဟားခါးမြို့ သားဖွားသင်တန်းကျောင်းဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။**





**အိန္ဒိယ-မြန်မာနယ်စပ် ဘွေနူးမြစ်ကူးတံတား တည်ဆောက်မည့်နေရာကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံး Cyclone Shelter ဆောက်လုပ်မည့် နေရာသို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

### ဘက်စုံကဏ္ဍစုံ အသုံးပြုနိုင်မည်

အဆိုပါ ဘက်စုံသုံး Cyclone Shelter သည် အလျားပေ ၁၇၀ ရှိပြီး အနံပေ ၁၅၀ ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်ရုံသာမက ဘက်စုံကဏ္ဍစုံ အသုံးပြုနိုင်မည့် ခန်းမကြီးတစ်ခု အဖြစ်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဟားခါးကောလိပ် တိုးချဲ့မြေနေရာ လျာထားမှုနှင့် ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရန်လျာထားသည့် အဆောက်အအုံများ၊ မြေနေရာများနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကအဖွဲ့များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

### နယ်စပ်ကုန်သွယ်ရေးလမ်း

ထို့နောက် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ဟားခါး-ဆာဆီချောက် မော်တော်ကားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထန်တလန်မြို့နယ် ထာအိုကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများ တင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ် ဘွေနူးမြစ်ကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၅

**မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း စတင်တည်ဆောက် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည်**

စာမျက်နှာ - ၈

**တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိ**

စာမျက်နှာ - ၉




# ကြေးမုံ

## ပန်းပေါင်းစုံဖူးပွင့်နေသည့် ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကိုယ့်တိုင်းပြည်မို့ ကောင်းခြင်းလက္ခဏာများနှင့် ပြည့်စုံသည့်နိုင်ငံတော်ဟု အမွှမ်းတင် အပိုပြောလိုခြင်းမဟုတ်၊ အမှန်တကယ်ပင် နှလုံးစိတ်ဝမ်းချမ်းမြေ့ဖွယ်ကောင်းသည့်နိုင်ငံဖြစ်သည်ကို မိမိတို့နိုင်ငံသားများသာမက မြန်မာနိုင်ငံသို့ ရောက်ရှိဖူးသော အခြားနိုင်ငံသားများကလည်း အသိအမှတ်ပြုကြပါသည်။ နိုင်ငံတစ်ခုတည်းအတွင်း၌ပင် ရေမြေသဘာဝရာသီဥတုအမျိုးစုံ ဖြစ်တည်နေပြီး အရောင်အသွေးစုံသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းသည့် ယဉ်ကျေးမှုဓလေ့စရိုက်များရှိပါသည်။

မြန်မာလူမျိုးများအဖို့ မည်သည့်အရပ်ဒေသသို့ ရောက်နေသည်ဖြစ်စေ မြန်မာ့မြေနှင့် မြန်မာလူမျိုးတို့ကို မေ့ပျောက်ခြင်းမရှိချေ။ တိုင်းတစ်ပါးသားတို့အဖို့ မြန်မာ့မြေကိုရောက်သည်နှင့် မြန်မာ့ရေမြေသဘာဝနှင့် မြန်မာလူမျိုးများ၏ ဓလေ့စရိုက်များကို နှစ်သက်မြတ်နိုးလက်ခံကြသည်။ ဤသည်မှာ မြန်မာ့မြေနှင့် မြန်မာနိုင်ငံသားများ၏ အခြားနိုင်ငံ၊ အခြားလူမျိုးများနှင့်မတူသည့် ကောင်းခြင်းလက္ခဏာများဖြစ်သည်။ သို့ဆိုလျှင် မြန်မာ့မြေနှင့် မြန်မာတိုင်းရင်းသားလူမျိုးတို့၏ မြတ်နိုးဖွယ်ရာအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်အပ်သည်။ ဤသည်ပင် မြန်မာတို့၏ ပြည်ထောင်စုအမွေ၊ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။

ထို့သို့ ကောင်းခြင်းနှင့်ပြည့်စုံသည်မှာ မြန်မာနိုင်ငံသည် အရောင်အသွေးစုံသော ပန်းပေါင်းစုံဥယျာဉ်ကြီးနှင့်အသွင်တူသည့် တစ်မူထူးကဲသော ဝိသေသလက္ခဏာများကို ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အဆိုပါပန်းပေါင်းစုံဥယျာဉ်ကြီးကို သာယာလှပအောင်၊ ဖွံ့ဖြိုးဝေစည်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ပန်းပေါင်းစုံဥယျာဉ်ကြီးကို ချိုးပဲ့ပျက်စီးအောင်၊ ညှိုးနွမ်းမှေးမှိန်အောင် မပြုလုပ်သင့်ချေ။

ထိုပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသော ဥယျာဉ်နိုင်ငံကြီးကို လုယက်ယူငင်ခဲ့သော နယ်ချဲ့တို့က ဤနိုင်ငံ၊ ဤမြေကို မက်မောလှသဖြင့် ရယူလိုသောအကြောင်းများ၊ လက်မလွှတ်လိုသောအကြောင်းများနှင့် လက်လွှတ်ရမည့်အခါတွင်လည်း မစားရတော့မည့်အမဲကို သဲနှင့်ပက်သကဲ့သို့ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ခဲ့သည့် သမိုင်းဖြစ်ရပ်များကိုလည်း မှတ်သားထားသင့်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ပြည်ထောင်စုသားများက အပြင်းအထန်ကြိုးပမ်းအားထုတ်ခဲ့ကြပြီး လွတ်လပ်ရေးရရှိဖို့လက်တစ်ကမ်းအလိုကာလတွင် မြန်မာနိုင်ငံကို အုပ်ချုပ်နေဆဲ နယ်ချဲ့အစိုးရက ပြည်ထောင်စုကြီးအား အပိုင်းပိုင်းဖွဲ့ကာ လွတ်လပ်ရေးပေးရန် ကြံစည်အားထုတ်ခဲ့ကြသည်များကိုလည်း မမေ့သင့်ချေ။ အထူးသဖြင့် တောင်တန်းနှင့် ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့ပြီးနောက် တောင်တန်းနှင့် ပြည်မကိုခွဲခြားကာ လွတ်လပ်ရေးပေးရန် အားထုတ်ခဲ့မှုများပင်ဖြစ်သည်။

ထင်သာမြင်သာရှိသော သမိုင်းမှတ်တမ်းတစ်ခုတွင် လွတ်လပ်ရေးအတွက် သန္နိဋ္ဌာန်ချရာဖြစ်သည့် တောင်တန်း-ပြည်မအတူလက်တွဲရေး ပင်လုံစာချုပ် မချုပ်ဆိုမီ တစ်နှစ်ခန့်အလိုကာလ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်က မြစ်ကြီးနားသို့သွားရောက်၍ ကချင်တိုင်းရင်းသားများအား သွေးခွဲစကား ပြောကြားခဲ့သည်။ မြန်မာနိုင်ငံထဲ မပါဝင်ဘဲ တသီးတခြားနေလိုက နေနိုင်ကြောင်း၊ ကချင်တိုင်းရင်းသားများ အဆင့်အတန်းမီအောင် နေနိုင်ရန်အတွက် မိမိက ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခြားနယ်စပ်ဒေသနှင့် တောင်တန်းနေ တိုင်းရင်းသားများကိုလည်း အလားတူ သွေးခွဲမှုများ ရှိခဲ့သည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား မျိုးချစ်ခေါင်းဆောင်တို့က တိုင်းရင်းသားများနှင့် ညီအစ်ကိုမောင်နှမများဖြစ်ကြောင်း၊ အတူလက်တွဲ၍ လွတ်လပ်ရေးရယူကာ သာတူညီမျှအတူတကွ နေထိုင်ကြမည်ဖြစ်ကြောင်း ကွင်းဆင်းစည်းရုံးပြီး တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ကြရာ ယနေ့ထက်တိုင် ပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသော ပြည်ထောင်စုကြီးအဖြစ် မြင်တွေ့နေရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသော ပြည်ထောင်စုကြီးကို ပျက်စီးအောင် ကြိုးပမ်းအားထုတ်ခဲ့သော နယ်ချဲ့ပရိယာယ်နှင့် သွေးခွဲမှုများကို နောင်မျိုးဆက်များအနေဖြင့် မမေ့သင့်ကြချေ။ နယ်ချဲ့၏ဆိုးမွေများ ယနေ့ထက်တိုင် ကျန်ရှိနေသေးသည်ကို သိရှိထားရမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး လက်တွဲနေထိုင်ကြမှသာ အေးချမ်းသာယာဝပြောသော ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ကို သတိမူရမည်ဖြစ်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့ နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံသို့ရောက်ရှိပြီး Assembly Shop တွင် ကျန်းမာရေးဝန်ကြီးဌာနအတွက် လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်နှင့်အညီ အရည်အသွေးတိကျစွာထုတ်လုပ်နိုင်ရေးကို မှာကြားသည်။ ထို့နောက် Silo ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ပြီး ဆန်းသစ်တီထွင်မှုပြုလုပ်ရာတွင် ဒီဇိုင်းသည် အရေးကြီးကြောင်း၊ တီထွင်မှုတိုင်းအတွက် Design Drawing ရှိရန်လိုကြောင်း၊ Silo များအား နိုင်ငံတကာအဆင့်မီ လက်ရာသေသပ်ကောင်းမွန်အောင် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တပ်ဆင်ထုတ်လုပ်ထားရှိသည့် လူနာတင်ယာဉ်အား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ အမှတ်(၂၆)အကြီးစားစက်ရုံသို့ရောက်ရှိပြီး ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြစ်ချောင်းများ၏ ရေစီးကြောင်းတွင် တိုက်ရိုက်နေရာချ၍ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုနိုင်သည့် တာဘိုင်များ စမ်းသပ်ထုတ်လုပ်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ပညာရှင်များ၏ သင်ကြားလေ့ကျင့်ပေးမှုများကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုထုတ်လုပ်ထားရှိသည့် တာဘိုင်အား အမြန်ဆုံးလက်တွေ့စမ်းသပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်နိုင်ရေးအတွက် အမြဲမပြတ် လေ့လာသင်ယူနေရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Design မှတ်တမ်းများထားရှိရန်လိုကြောင်း မှာကြားသည်။

အမှတ်(၂၆) အကြီးစားစက်ရုံတွင် မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ Generator, Controller/ Inverter,Turbine များကိုပါ တစ်ပြိုင်နက်တည်း ထုတ်လုပ်သွားမည်ဖြစ်သည်။ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ဝန်ထမ်းများအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ စက်ရုံမှထုတ်လုပ်မည့် Coreless Generator, Controller/ Inverter, Turbine များကို ပြည်တွင်းသာမက ပြည်ပသို့လည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ပထမနှစ်နှင့် ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းများ ဆောင်ရွက်မှုကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် Teachnical Audit အဖွဲ့နှင့်အတူ ပြည်နယ်စီမံခန့်ခွဲရုံး တာဝန်ခံ၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်စီမံကိန်းမန်နေဂျာ၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်၊ ပြည်နယ်နှင့် မြို့နယ်အဆင့် တာဝန်ခံများပါဝင်ပြီး လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်နေသော လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး၊ လူထုနားနေဆောင်နှင့် အခြားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ဖာပွန်၌ တောင်သူပညာပေးဆွေးနွေး

**ဖာပွန် ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝေ့မှုံကျေးရွာ ကမ်းနီဘုန်းတော်ကြီးကျောင်း၌ သီးနှံ ၁၅ မျိုး၏ GAP စနစ် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများအား နည်းပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ နောက်ဆုံးပတ်ကကျင်းပခဲ့ရာ ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသက်ဆွေက တောင်သူများအား အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဝေ့မှုံကျေးရွာ ကမ်းနီဆရာတော် ဦးစီးဆောင်ရွက်နေသည့် စေတီတော်ပြုပြင်ခြင်းလုပ်ငန်းအတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ထွန်းမှ လှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၀၀ ကို ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဦးသက်ဆွေက ဆရာတော်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အေးမျိုး(ပြန်/ဆက်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily





ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်မည့်မြေနေရာများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

**✱ ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အဆိုပါမြစ်ကူးတံတားကို အသုံးပြုပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကုန်သွယ်စီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အမြန်အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့နယ် သီကီးရ် ရွာသစ်ရှိ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်း ၁၀ ဒသမ ၀၈ ဧက နှင့် တောင်ယာစိုက်ကွင်း ၇၃ ဧက ဖော်ထုတ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ဇာဘွဲ့ကွင်း တောင်ယာဧက ၆၀ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုသည်။

အဆိုပါ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်းနှင့် တောင်ယာစိုက်ကွင်း ဖော်ထုတ်ဆောင်ရွက်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း ဧက ၅၅၀ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု စုစုပေါင်း ၃၇၂ ဧက ဖော်ထုတ်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာသို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကအဖွဲ့များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**





ထန်တလန်မြို့နယ် သီကီးရ်ရွာသစ်ရှိ ကုန်းမြင့်လယ်ယာမြေ လှေကားထစ်စိုက်ကွင်းနှင့် တောင်ယာစိုက်ကွင်း ဖော်ထုတ်ဆောင်ရွက်ထားရှိမှုများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။



ဖေဖော်ဝါရီ ၄ ရက်က သီရိလင်္ကာနိုင်ငံ၏ နှစ်(၇၀)မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဇနီး ဒေါ်ခင်သန်းနွဲ့တို့အား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E.MR. Kohona Walawwe Nimal Dharmakeerthi Karunaratne က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ဆောင်းခိုငှက်ကြီးအား ကျန်းမာရေးကောင်းမွန်၍ ပြန်လည်လွှတ်ပေး

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၂)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းက ပင်လယ်ရေထဲသို့ ပြုတ်ကျနေသော ဆောင်းခိုငှက်ကြီး တစ်ကောင်အား ရေလုပ်သားနှစ်ဦးက ဖမ်းဆီးလာကာ ခေတ္တထိန်းသိမ်းထားရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျန်းမာရေးကောင်းမွန်လာသဖြင့် ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ကံချိုင်ကျေးရွာအုပ်စု ကျားတန်း(၂)ရပ်ကွက်တွင် နေထိုင်သော ကိုဇော်ဇော်နှင့် ကိုစံလင်းထွန်းတို့ နှစ်ဦးသည် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သွားပြီး ပြန်လာရာ မော်တင်စွန်းအငူနှင့် လိပ်ကျွန်း(သမီးလှကျွန်း) အကြားတွင် ငှက်ကြီးတစ်ကောင် ဝဲပျံနေသည်ကိုတွေ့ရကြောင်း၊ ငှက်ကြီးမှာ ပင်လယ်ရေပြင်ပေါ်သို့ ပြုတ်ကျလာကာ တောင်ပံများရေစိုနေ၍ မပျံသန်းနိုင်တော့သဖြင့် ဖမ်းခေါ်လာခဲ့ကြောင်း၊ ယင်းငှက်ကြီးအား ကျားတန်း(၂)ရပ်ကွက်ရှိ ဦးဝင်းနောင်၏ခြံထဲတွင် ခေတ္တထိန်းသိမ်းထားရှိကြောင်း သိရသည်။

ဆောင်းခိုငှက်ကြီးအား ဖမ်းမိလာသူ ကိုဇော်ဇော်က "လောလောဆယ်တော့ ဒီအတိုင်းခဏစောင့်ကြည့်ပြီးတော့ သူပျံနိုင်ရင် ပြန်လွှတ်ပေးဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ယခုဖမ်းလာသော ငှက်ကြီးမှာ ဟိုင်းကြီးကျွန်းဒေသတွင် ကျင်လည်ကျက်စားသော ငှက်မျိုးစိတ်မဟုတ်ကြောင်း၊ ဆောင်းရာသီတွင် ပြောင်းရွှေ့သွားတတ်သည့် ဆောင်းခိုငှက်တစ်မျိုးဖြစ်ပြီး ဒေသခံအများစုက လင်းတငှက်ဟုခေါ်ကြကြောင်း၊ ဆောင်းခိုငှက်ကို လည်ရှည်အနီရောင်နှင့် လည်ရှည်အဖြူရောင် မျိုးစိတ်နှစ်မျိုးရှိကြောင်း၊ ယခုတွေ့ရသောငှက်ကြီးမှာ လည်ရှည်အဖြူရောင်မျိုးစိတ် ဆောင်းခိုငှက်ကြီးမျိုးဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဟိုင်းကြီးကျွန်းမြို့ သစ်တောဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းကြည့်ရာတွင် အဆိုပါငှက်ကြီး၏ အမည်ကို မသိရှိကြောင်းနှင့် ဖမ်းယူရရှိထားသည့် ငှက်ကြီးအား ပြန်လွှတ်ပေးလိုက်ရန် ပြောကြားထားကြောင်း သိရသည်။

ယခုအခါ ဆောင်းခိုငှက်ကြီးမှာ ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျားတန်း(၂)အနီး ပင်လယ်ကမ်းစပ်တွင် ပြန်လည်လွှတ်ပေးခဲ့ရာ ငှက်ကြီးမှာ ကောင်းမွန်စွာပျံသန်းသွားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# နိုင်ငံတော်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်မည်ဟု မော်လ်ဒိုက် သမ္မတပြောကြား

**မာလေ ဖေဖော်ဝါရီ ၄**

မော်လ်ဒိုက်နိုင်ငံ၌ နိုင်ငံရေး ပြဿနာ တွေ့ကြုံနေကြရချိန်တွင် နိုင်ငံသူ နိုင်ငံသားများအားလုံး စိတ်ရှည်သည်းခံကြရန်၊ အမျိုးသား အကျိုးစီးပွားကို မျက်ခြည်ပြတ် မခံကြရန် မိမိတိုက်တွန်းကြောင်း သမ္မတ အဗ္ဗဒူလာယာမင်းက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားလိုက်သည်။

မိမိသည် မော်လ်ဒိုက်နိုင်ငံ၏ နိုင်ငံ့အကြီးအကဲဖြစ်ကြောင်း၊ နိုင်ငံတော် တရားရုံးချုပ်က မကြာသေးမီက တရားဥပဒေနှင့်အညီ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်နိုင်ရေးအတွက် သမ္မတရုံးအပေါ် အပြည့်အဝ ယုံကြည်စိတ်ထားရှိကြရန် တရားဥပဒေစိုးမိုးရေးဌာနများနှင့် ပြည်သူတို့ကို ပန်ကြားမေတ္တာရပ်ခံအပ်ပါကြောင်း သမ္မတရုံးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲကို စက်တင်ဘာလအတွင်း ကျင်းပပေးရန် မိမိအသင့်ရှိနေကြောင်း၊ ယင်းရွေးကောက်ပွဲသည် ပြည်သူလူထုအတွင်း မိမိ၏ ရေပန်းစားမှု သို့မဟုတ် အတိုက်အခံ၏ရေပန်းစားမှုကို စမ်းသပ်ခွင့်ပေးမည်ဖြစ်ကြောင်း သမ္မတယာမင်းက ပြောကြားသည်။

နိုင်ငံတော်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အား စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် ယင်းတရားရုံးချုပ်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီဖြစ်ကြောင်း သမ္မတယာမင်းက ပြောကြားသည်။

မိမိ၏ ဦးစားပေးလုပ်ငန်းတာဝန်မှာ မော်လ်ဒိုက်နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မော်လ်ဒိုက်တရားရုံးချုပ်သည် ဖေဖော်ဝါရီ ၁ ရက်က ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ရာတွင် သမ္မတဟောင်း မိုဟာမက် နာရှစ်နှင့် ဒုတိယ သမ္မတဟောင်း အာမက်အဗ္ဗဒီးတို့ အပါအဝင် ထင်ပေါ်ကျော်ကြားသော အကျဉ်းသားများကို ချက်ချင်းပြန်လည်လွှတ်ပေးရန် ညွှန်ကြားခဲ့သည်။

မည်သည့်ဩဇာအာဏာ မပါရှိဘဲ တရားမျှတသော တရားစီရင်စစ်ဆေးမှု ပြုလုပ်ချိန်အထိ ယင်းအကျဉ်းသားများကို ပြန်လည်လွှတ်ပေးရမည်ဖြစ်ကြောင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

မော်လ်ဒိုက်နိုင်ငံ၌ အတိုက်အခံလှုပ်ရှားသူများက ထင်ပေါ်ကျော်ကြားသော အကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုသော ဆန္ဒပြပွဲများအတွင်း အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီးနောက် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များ ပေါ်ထွက်လာခဲ့သည်။ **ရိုက်တာ**





# ဆီးရီးယား၌ စစ်လေယာဉ် ပစ်ချခံရ၊ ရုရှားလေယာဉ်မှူး သေဆုံး

**မော်စကို ဖေဖော်ဝါရီ ၄**

ဆီးရီးယားနိုင်ငံ အာဘီးလ်ပြည်နယ်၌ ရုရှားစစ်လေယာဉ်တစ်စင်းကို စစ်သွေးကြွတို့က ဒုံးကျည်ဖြင့် ပစ်ချခဲ့ရာ လေယာဉ်ပျက်ကျသွားပြီး လေယာဉ်မှူးတစ်ဦး သေဆုံးသွားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အာဘီးလ်ပြည်နယ်၌ အက်စ်ယူ-၂၅ အမျိုးအစား ရုရှားလေယာဉ်တစ်စင်း ပစ်ချခံခဲ့ရကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကနဦးစုံစမ်းစစ်ဆေးမှုအရ ယင်းလေယာဉ်သည် ပခုံးထမ်းပစ်ခတ်နိုင်သော လေယာဉ်ပစ်ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လေယာဉ်ပစ်ခတ်ခံရပြီးနောက် လေယာဉ်မှူးမှာ လေထီးဖြင့် ခုန်ထွက်လွတ်မြောက်ရန် ကြိုးပမ်းခဲ့သော်လည်း သေဆုံးသွားကြောင်း၊ ယင်းနေရာသည် နူဆာရာစစ်သွေးကြွများ ထိန်းချုပ်ရာဒေသဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရုရှားလေယာဉ်မှူး၏ရုပ်ကြွင်းကို ပြန်လည်ပေးအပ်နိုင်ရန် တူရကီစစ်ဘက်က ကြိုးပမ်းလျက်ရှိသည်။ **ဆင်ဟွာ**

# ဂျာမနီ စက်မှုလုပ်သားများ ဆန္ဒပြကြသဖြင့် မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံများ လုပ်ငန်းရပ်ဆိုင်း

**ဖရန့်ဖတ် ဖေဖော်ဝါရီ ၄**

ဂျာမနီနိုင်ငံ၌ စက်မှုလုပ်သားများက ၂၄ နာရီဆန္ဒပြမှုကို တတိယမြောက်နေ့အဖြစ် ဆက်လက်ပြုလုပ်ရာ နိုင်ငံတစ်ဝန်းရှိ မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံများတွင် လုပ်ငန်းများ ရပ်ဆိုင်းနေရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဥရောပတိုက်၌ စီးပွားရေးအရ အင်အားအကြီးဆုံးနိုင်ငံဖြစ်သော ဂျာမနီနိုင်ငံရှိ အကြီးဆုံးသော အလုပ်သမားသမဂ္ဂဖြစ်သော အိုင်ဂျီသတ္တုလုပ်ငန်း အလုပ်သမားများသမဂ္ဂက သတ္တုလုပ်ငန်းနှင့် အင်ဂျင်နီယာလုပ်ငန်း ကဏ္ဍရှိ အလုပ်သမား ၃ ဒသမ ၉ သန်းအတွက် လုပ်ခလစာ တိုးပေးရန် တောင်းဆိုလျက်ရှိသည်။

မိမိတို့၏ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ သို့မဟုတ် နာမကျန်းသူ ဆွေမျိုးသားချင်းများအား ပြုစုစောင့်ရှောက်ပေးနိုင်ရေးအတွက် ရက်သတ္တပတ်အလုပ်ချိန်ကို လက်ရှိ ၃၅ နာရီမှ ၂၈ နာရီသို့ လျှော့ချပေးရန်လည်း အလုပ်သမားများက တောင်းဆိုသင့်သည်ဟု အဆိုပါ အလုပ်သမားသမဂ္ဂက ပြောကြားသည်။

စက်ရုံများမှ အလုပ်သမားများ ထွက်ခွာသွားခြင်းဖြင့် ဆန္ဒပြမှု အစီအစဉ်ကို ရက်တိုးရန် သင့်၊ မသင့် အလုပ်သမားသမဂ္ဂက မဲခွဲဆုံးဖြတ်ရန် ရှိနေစဉ် တတိယမြောက်နေ့အဖြစ် ဆန္ဒပြမှုကို ဖေဖော်ဝါရီ ၃ ရက်က ဆက်လက်ပြုလုပ်ခဲ့သည်။ အလုပ်သမားများ ဆန္ဒပြခြင်းဖြင့် ကုန်ထုတ်လုပ်မှု ထိခိုက်ကာ ယူရိုငွေ သန်းရာပေါင်းများစွာ ဆုံးရှုံးနစ်နာရနိုင်ပုံကို ဆန္ဒပြပွဲက ဖော်ညွှန်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၅ ရက်တွင် အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရန် လမ်းဖွင့်ပေးထားသည်ဟု နှစ်ဖက်စလုံးက ပြောကြားကြသည်။ သို့ရာတွင် အပေးအယူအလိုက်အလျောရှိမှသာလျှင် ဆွေးနွေးပွဲ အောင်မြင်နိုင်မည်ဟုလည်း နှစ်ဖက်တာဝန်ရှိသူများက ပြောကြားကြသည်။

လုပ်ခလစာ ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးမြှင့်ပေးရန် အလုပ်ရှင်များက ကမ်းလှမ်းခဲ့ကြသော်လည်း ရက်သတ္တပတ် အလုပ်ချိန်နာရီ လျှော့ချပေးရေးအချက်ကို ပယ်ချခဲ့ကြသည်။

ယခုရက်သတ္တပတ်အတွင်း သုံးရက်ကြာဆန္ဒပြပွဲတွင် စက်မှုအလုပ်သမားများ ၅၀၀၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

**ရိုက်တာ**



# ပြုံယမ်းသင်္ဘောအား ရုရှားဆိပ်ကမ်းအာဏာပိုင်များက ကမ်းကပ်ခွင့်မပြု

**မော်စကို ဖေဖော်ဝါရီ ၄**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဖြေရှင်းချက်ကို လိုက်နာသည့် အနေဖြင့် ရုရှားနိုင်ငံက မြောက်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်းအား ဆိပ်ကမ်းဆိုက်ကပ် ရပ်နားခွင့်မပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ မြောက်ကိုရီးယားသင်္ဘောတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်တွင် ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများ တင်ဆောင်လာနိုင်ဖွယ်ရှိသည်ဟု ယုံကြည်ရသည်။

မြောက်ကိုရီးယားသင်္ဘောသည် ရုရှားနိုင်ငံ ဗလာဒီဗိုစတော့ခ်ဆိပ်ကမ်းသို့ ဇန်နဝါရီ ၃၁ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် သုံးရက်တိုင်တိုင် ကမ်းလွန်ပင်လယ်ပြင်တွင် ရုရှားဆိပ်ကမ်းအာဏာပိုင်များ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း ရုရှားဆိပ်ကမ်းတာဝန်ရှိသူများက ဆိုသည်။

သင်္ဘောပေါ်တွင် တိရစ္ဆာန်အစာများတင်ဆောင်လာကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ပစ္စည်းများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်တွင် ပြုံယမ်းအား ပိတ်ပင်ထားသည့် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းတစ်ခုဖြစ်ကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံသည် ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံများဖြစ်ကြသည်။ သို့သော် ရုရှားဆိပ်ကမ်းအာဏာပိုင်များက မြောက်ကိုရီးယားသင်္ဘောအား ဆိပ်ကမ်းဆိုက်ကပ်ခွင့်ကို ငြင်းပယ်ခဲ့သည်။ ယင်းမှာ ရုရှားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်ကို လိုက်နာကြောင်း ပြသလိုခြင်းဖြစ်သည်ဟု ဥရောပမီဒီယာအချို့က ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ ပူးတွဲ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီး Mrs. Jiraporn Srisuwan၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်နှင့် နှစ်နိုင်ငံတပ်မတော် အရာရှိကြီးများတက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများသည် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဆက်လက်၍ မြန်မာ့တပ်မတော်နှင့် ထိုင်းဘုရင့်တပ်မတော်မိသားစုများ ပူးတွဲ၍ သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်း အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများနှင့် မဟာပရဟိတမိဘမဲ့ဂေဟာ (စမတောင်)တို့အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan နှင့်ဇနီး Mrs. Jiraporn Srisuwan နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြစဉ်။**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများသည် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၄**

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အအုံ ကြံ့ခိုင်မှုနှင့် အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါအဆောက်အအုံ ရှင်းလင်းခန်းမဆောင်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို အမျိုးသားစာကြည့်တိုက် အင်္ဂါရပ်များနှင့် ကိုက်ညီရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က နိုင်ငံတော်သမ္မတထံ စာရေးသားတင်ပြခဲ့ကြကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်သူများသွားလာရလွယ်ကူပြီး အချက်အချာကျသည့် ယခုအဆောက်အအုံကို အသုံးပြုခွင့်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းတွင် အဆင့်မီ ခင်းကျင်းရေးနှင့် စနစ်တကျ Layout Plan ရေးဆွဲပြီး ပြင်ဆင်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိသူများကို ခေါ်ယူလမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် အသစ်ဖွင့်လှစ်မည့် အမျိုးသားစာကြည့်တိုက်ကို သမားရိုးကျစာကြည့်တိုက် နည်းစနစ်နှင့် ဝန်ဆောင်မှုများသာမက ခေတ်မီ သတင်းအချက်အလက် နည်းပညာများနှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် ယခုအဆောက်အအုံပြင်ဆင်မှုလုပ်ငန်းကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အကြီးစားပြင်ဆင်မှုလုပ်ငန်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနကို လုပ်ငန်းအပ်နှံခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ စတင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအလယ်တွင် ဝင့်ကြွားစွာ ရပ်တည်နိုင်သည့် အဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီး ပေါ်ထွက်လာရန်အတွက် အမျိုးသားစာကြည့်တိုက် အကြီးစားပြင်ဆင်မှုကို တာဝန်ယူဆောင်ရွက်ပေးနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အကြံဉာဏ်များပေးကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ စာကြည့်တိုက် အကြီးစားပြင်ဆင်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်း ပြင်ဆင်မှုများ ပြုလုပ်

**ဖြူး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်းကြီးကို ပြည်သူများ ကြံ့ခိုင်ကျန်းမာပျော်ရွှင်ရေးအတွက် ဇန်နဝါရီလ ပထမပတ်မှ စတင်၍ အကြီးစားပြင်ဆင်မှုများပြုလုပ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၀၈၉ ဒသမ ၈၈ သန်းဖြင့် ဆောက်လုပ်ရေးပိုင်းတွင် ငွေအိမ်မင်းကုမ္ပဏီကလည်းကောင်း၊ ကွင်းမြေပြင် အကြီးစားပြင်ဆင်မှုကို မြကန်သာကုမ္ပဏီက လည်းကောင်း ဇန်နဝါရီ ၁ ရက်မှစတင်၍ လုပ်ငန်းများ စတင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်သူ့အားကစားကွင်းကြီး အကြီးစားပြုပြင်ပြီးစီးသွားပါက မြို့နယ်အတွင်းရှိ လူငယ်မျိုးဆက်သစ်အားကစားသမားများ ဘောလုံးအပါအဝင် အားကစားနည်းမျိုးစုံတို့ကို နေ့စဉ်ပျော်ရွှင်စွာ အားကစားလေ့ကျင့်ပြုလုပ်နိုင်မည်ဖြစ်၍ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။ **ဖြူးမြင့်ဦး**



**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၃ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်က ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုကျူးလွန်ဆင်းရေး အသိပညာပေးဟောပြောခြင်း၊ မူခင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်စဉ်။** ကြေးမုံ

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်-အနောက်တောင်ဘက် ၂၉ မိုင်ခန့် အကွာကို ဗဟိုပြု၍ ယနေ့ညနေ ၃ နာရီ ၁၂ မိနစ် ၀၅ စက္ကန့်အချိန်တွင် အင်အားရစ်ချ်တာစကေး ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **ကြေးမုံ**

# ပြည်ထောင်စု၏ တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်

အန်ကယ်ပညာ

**သူငယ်ချင်းရေ . . .**

ငါစာရေးလိုက်ပါတယ်။ ဒီလိုခေတ်မှာ စာတစ်စောင်ပေတစ်ဖွဲ့နဲ့ နွဲ့ပြနေတယ်ထင်ရင်လည်း ခံပါ့မယ်မောင်။ မင့်မလည်း ငါဖုန်းဆက်လိုက်တိုင်း အလုပ်ခွင်မှာ စိတ်အမျှင်တန်းနေတယ်ဆိုတာ အသံနားထောင်လိုက်တာနဲ့ ပေါ်လွင်နေလေတော့ အချိန်ရမှပဲ ဖတ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာတစ်စောင် ရေးဖြစ်တယ်ဆိုပါတော့ကွာ။

တစ်ခုတော့ရှိတယ်မောင်။ မင်းလိုအလုပ်အပေါ်မှာ တာဝန်ကျေပွန်တဲ့ နိုင်ငံ့ဝန်ထမ်းကောင်းတွေ ရှိနေဖို့လိုတာကို ငါလက်ခံတယ်။ ဒါပေမယ့်လည်း အချိန်ပြည့်အလုပ်နဲ့ချည်း နပန်းလုံးနေတာကိုတော့ သိပ်ဘဝင်မကျလှဘူး။ အလုပ်လုပ်တဲ့အချိန်လုပ်၊ နားသင့်တဲ့အချိန်နားရမှာပေ့ါ။ ငါဆိုလိုတာက မင့်ကလေးတွေ ကျောင်းပိတ်တဲ့ကာလမှာ အချိန်ယူပြီး မိသားစုနဲ့ခရီးထွက်ဖို့ တိုက်တွန်းချင်တာပါ။

**သွားနိုင်တုန်းသွား၊ စားနိုင်တုန်းစား**

ခရီးသွားတယ်ဆိုတာက နေ့ချင်းပြန်သွားလို့ရတဲ့ခရီးတိုရှိတယ်။ ညအိပ်ညနေသွားရတဲ့ ခရီးရှည်ရှိတယ်။ နေ့ချင်းပြန်သွားနိုင်တဲ့ ခရီးတိုတွေကတော့ သာမန်ရုံးပိတ်ရက်တွေမှာ သွားပေ့ါကွာ။ ညအိပ်ညနေသွားရမယ့် ခရီးရှည်အတွက်တော့ ခွင့်ရက်ရှည်ယူပြီးသွားရမှာပေ့ါ။ လူကြီးသူမတွေပြောခဲ့ကြတဲ့ စကားတစ်ခွန်းရှိတယ်ကွ။ "သွားနိုင်တုန်းသွား၊ စားနိုင်တုန်းစား" ဆိုတာလေ။ ဒီစကားက အသက်အရွယ်၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ အခြားသော အခြေအနေတွေနဲ့ သက်ဆိုင်နေတာတွေ့ရတယ်။ ဒါကြောင့် သွားနိုင်တုန်း သွားထားဖို့ တိုက်တွန်းနေရတာမောင်ရေ။ အခြားအကြောင်းတွေလည်း ရှိသေးတယ်။ ဒါတွေကိုတော့ ငါ့စာဖတ်ရင်း မင်းသိလာပါလိမ့်မယ်။

သင်ကြားရေးကို ဝါသနာထုံသူတွေက " Teaching is art."၊ အချက်အပြုတ်ကျွမ်းကျင်သူတွေကလည်း"Cooking is art." လို့ ဆိုကြတယ်။ ခရီးသွားခြင်းကို ဝါသနာပါတဲ့ငါကတော့ "Travelling is art."လို့ပဲပြောလိုက်တော့မယ်။ ဘယ်လောက်အထိ အနုပညာဆန်သလဲဆိုရင် သွားဖို့လာဖို့ပြင်ဆင်တဲ့ အချိန်ကတည်းက ပျော်ဖို့ ကောင်းနေပြီ။ ဒီခံစားချက်က တစ်ယောက်တည်း မဟုတ်ဘူးနော်။ ခရီးပါမယ့်သူ အားလုံးရဲ့ခံစားချက်ပဲ။ ဒါကြောင့် မင်းခရီးသွားဖို့ စကားစလိုက်တာနဲ့တင် မင့်ကလေးတွေ ပျော်နေကြမှာ။ သူတို့က မင်းပို့မှ ရောက်ကြရမယ့်သူတွေလေကွာ။

ခရီးရှည်သွားတော့မယ်ဆိုရင် ကြိုတင်ပြင်ဆင်ရတာတွေရှိတယ်ကွ။ ဘယ်နှရက်သွားမှာလဲ။ သွားမယ့်ရက်အတွင်း ခရီးစဉ်ဘယ်လိုဆွဲမှာလဲ။ ဘာနဲ့သွားမှာလဲ။ ခရီးစဉ်အတွင်းမှာ ဘယ်နေရာတွေ သွားမှာလဲ။ ဘယ်မှာ တည်းခိုမှာလဲ။ ဒီလိုအကြမ်းဖျင်း အစီအစဉ်တွေဆွဲပြီးရင် သွားဖူးတဲ့သူတွေ၊ နယ်ခံမိတ်ဆွေတွေ ဆီကနေ လတ်တလောသတင်းအချက်အလက်တွေယူရပါတယ်။ ဒီတော့မှ ခရီးလမ်းအခြေအနေတွေ၊ လမ်းမှာကြာမြင့်ချိန်တွေ၊ ရာသီဥတုအခြေအနေနဲ့ နယ်မြေအေးချမ်းမှု အခြေအနေတွေ သိနိုင်ပြီး အသေးစိတ်စီမံနိုင်တာပေ့ါကွာ။

ခရီးသွားဖို့ပြင်ကြပြီဆိုရင် အရင်ဆုံးသတိရကြတာက အဝတ်အစားတွေပဲဖြစ်ပါလိမ့်မယ်။ မှန်ပါတယ်၊ ကိုယ်သွားမယ့်နေရာဒေသနဲ့ ကိုက်ညီတဲ့ အဝတ်အစားတွေပါဖို့တော့ လိုပါလိမ့်မယ်။ သွားရင်းလာရင်း လမ်းမှာအဆာပြေစားဖို့ အစားအစာခြင်းလေးလည်း လိုပါတယ်။ သောက်နေကျဆေးတွေနဲ့ မတော်တဆထိခိုက်မိတာမျိုးအတွက် ခရီးဆောင်ဆေးသေတ္တာလေးလည်း ပါအောင်ယူသွားပါ။ ငါကတော့ ကိုယ့်ကားနဲ့ကိုယ် ခရီးဝေးသွားတော့မယ်ဆိုရင် "ယောက်ျားခရီးသွားရင် ဓားပါရမယ်"ဆိုတဲ့ ရှေးလူကြီးသူမတွေစကားနာခံတယ်မောင်။ လမ်းမှာသစ်ကိုင်းကျိုးကျနေတာနဲ့ကြုံရင် အလွယ်ရှင်းနိုင်တာပေ့ါကွာ။ နောက်တစ်ချက်ကတော့ ကိုယ်သွားမယ့်နေရာမှာရှိနေတဲ့ ဆွေမျိုးမိတ်ဆွေတွေအတွက် ဒေသထွက်လက်ဆောင်တွေပေ့ါ။

**တစ်နံတစ်လျား စုံသလောက်ကိုရှိနေပြီ**

ဒါတွေအသေးစိတ်ရေးပြနေရတာက မင့်အထင်သေးလို့တော့ မဟုတ်ပါဘူး။ ခရီးမသွားဖြစ်တဲ့မင့်အတွက် သွားနေကျငါက အလွယ်ဖြစ်အောင် လမ်းပြပေးတဲ့သဘောပါ။ ငါကတော့ သာမန်ရုံးပိတ်ရက်တွေမှာ အချိန်ရရင်ရသလို တစ်မျိုး၊ ကလေးတွေကျောင်းပိတ်တဲ့အချိန်မှာ ခွင့်ရက်ရှည်ယူပြီး တစ်ဖုံနဲ့ ခရီးသွားဖြစ်ခဲ့တာ မြန်မာနိုင်ငံ တစ်နံတစ်လျား စုံသလောက်ကိုရှိနေပြီ။ ဆိုလိုတဲ့ သဘောကတော့ကွာ ငါ့မိသားစုကို ငါတို့တိုင်းရင်းသားတွေနေထိုင်နေကြတဲ့ ပြည်နယ်ဒေသအားလုံးရောက်အောင် ပို့ပေးနိုင်ခဲ့ပြီပေ့ါ။

ဒီလိုရောက်အောင်သွားရင်းနဲ့ ငါတို့တိုင်းရင်းသားလူမျိုးတွေရဲ့ မတူကွဲပြားတဲ့အချက်တွေကို လက်တွေ့သိမြင်လေ့လာခွင့်ရခဲ့တယ်လေ။ လူမျိုးမတူဘူး၊ ဘာသာစကား ကွဲကြတယ်၊ ရိုးရာယဉ်ကျေးမှုတွေ၊ ကိုးကွယ်ယုံကြည်မှုတွေ၊ ဓလေ့ထုံးစံတွေလည်း ကွဲပြားကြတာတွေ့ရတယ်။ သူ့နေရာနဲ့သူ သဘာဝအလှတရားတွေနဲ့ အမွေအနှစ်တွေလည်း မတူကြပါဘူး။ တူတာတစ်ခုတော့ ရှိတယ်မောင်။ မြန်မာဆိုတဲ့ နိုင်ငံတစ်ခုတည်းအတွင်းမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် နေကြတယ်ဆိုတဲ့အချက်ကတော့ တူနေတယ်။ နောက်တစ်ခုရှိသေးတယ်။ တိုင်းရင်းသားတွေအလိုက် ကိုယ့်လူမျိုး၊ ကိုယ့်ရိုးရာယဉ်ကျေးမှုတွေကို မြတ်နိုးကြသလို တိုင်းရင်းသားအချင်းချင်းလည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုး အပြန်အလှန်လေးစားချစ်ခင်တတ်ကြတာကိုလည်း တွေ့ရတယ်။

**သူ့ရိုးရာကို ချစ်မြတ်နိုးကြောင်းပြနိုင်**

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ငါ့မိသားစု ရခိုင်ပြည်နယ်ကို ရောက်ခဲ့တယ်။ ပျူယဉ်ကျေးမှု၊ မွန်ယဉ်ကျေးမှု၊ ပုဂံယဉ်ကျေးမှုတွေလိုပဲ ရခိုင်ခေတ်လေးခေတ် ယဉ်ကျေးမှုတွေကလည်း ရင်သပ်ရှုမောစရာပါပဲ။ ရခိုင်ယဉ်ကျေးမှုထဲမှာ အထွန်းကားဆုံးဖြစ်ခဲ့တဲ့ မြောက်ဦးရောက်တော့ ရခိုင်အမျိုးသမီးငယ်တစ်ဦးကို စားသောက်ဆိုင်ကောင်းကောင်း ဘယ်မှာရှိသလဲ စုံစမ်းမိတာပေ့ါကွာ။ သူကလည်း မြို့ခံပီပီ ဘယ်နားဖြင့် တရုတ်အစားအစာဆိုင်၊ ဘယ်မှာ ဘာနာမည်နဲ့ကတော့ မြန်မာထမင်းဆိုင်၊ ဘယ်ဆိုင်ကတော့ ရခိုင်ရိုးရာအစားအစာဆိုင်ဆိုတာ ပြောပြရှာပါတယ်။ သူက ဆက်ပြောတယ် "ရခိုင်ကို ရောက်တုန်း ရခိုင်စာစားပါလား၊ လျှာလည်သွားမယ်" တဲ့။ ကြည့်စမ်း ဘယ်လောက်ချစ်စရာကောင်းလဲ။ သူ့ရိုးရာကို ချစ်မြတ်နိုးကြောင်းပြနိုင်သလို သူတစ်ပါးကိုလည်း ဆွဲဆောင်မှု အပြည့်နဲ့။ ဒါနဲ့ ငါတို့ရခိုင်စာ စားဖြစ်ခဲ့ကြပါတယ်။ သူပြောတဲ့အတိုင်း လျှာလည်ရုံမက အာတွေပါ ပူသွားတာပဲ။ မှာမိတာက အာပူဆိုတဲ့ ဟင်းကိုးကွ။

ပြီးခဲ့တဲ့နှစ်က ကချင်ပြည်နယ် ပူတာအိုကို ရောက်တယ်။ ရဝမ်ပြည်သူ့စစ်ခေါင်းဆောင်ရဲ့ "ရေခဲတောင်ရှုခင်းဟိုတယ်"မှာ တည်းခဲ့တယ်။ ဟိုတယ်ကနေကြည့်ရင် ပူတာအိုမြို့ပတ်လည်က ရေခဲတောင်တွေလှမ်းမြင်နေရတယ်။ တည်းခိုခနဲ့ စားသောက်စရိတ်ကို အခမဲ့လုပ်ပေးတဲ့အပြင် ညစာတိုင်းကို ရဝမ်ရိုးရာအစားအစာတွေ လုပ်ကျွေးတယ်၊ ကြာတော့ ဟိုတယ်ကိုအားနာလာတာပေ့ါကွာ။ ဒါနဲ့ ပူတာအို ဈေးထဲက ထမင်းဆိုင်မှာ ထွက်စားကြတာပေ့ါ။ ကချင်ရိုးရာ အစားအစာတွေစားဖူးအောင် မှာတယ်ပေ့ါကွာ။ ထမင်းစားဖို့မှာတော့ ဆိုင်ရှင်က ဘာဟင်းနဲ့စားမလဲပေ့ါ၊ ငါကလည်း ဗမာကြက်ရလားပေ့ါ၊ ရတယ်ဆိုတော့ ကြက်သားဟင်းနဲ့ စားကြတယ်ပေ့ါကွာ၊ ဟင်းခွက်လည်း လာချရော ငါတို့မိသားစုအားလုံး ပြုံးစိစိဖြစ်ကုန်ကြပါရော။

ဆိုင်ရှင်တိုင်းရင်းသူအဘွားကြီးက အရိပ်အကဲနားလည်ပုံရတယ်။ ထမင်းဝိုင်းနားရောက်လာပြီး အဆင်ပြေလား၊ ဘာလိုသေးသလဲတဲ့။ ငါလည်း "အန္တီပြောတော့ ဗမာကြက်ရတယ်ဆို လာချတော့စီပီကြက်ကြီးပါလားဗျ" လို့ မေးလိုက်မိတယ်။ "ဟုတ်တယ်လေ အဲဒါဗမာကြက်အစစ်ပဲ၊ နင်တို့ ဗမာပြည်က လေယာဉ်ပျံစီးပြီးပါလာတာ၊ မနက်က ကချင်ကြက် မရလို့ ဒါပဲချက်လိုက်ရတယ်"တဲ့။ ကြည့်ပါဦး ရိုးသားပွင့်လင်းလိုက်ပုံများ။ ငါကလည်း ထမင်းဆိုင်မှာ မေးနေကျစကားနဲ့မေး၊ သူကလည်း မှန်တာကိုပြော၊ ထမင်းဝိုင်းမှာ ရယ်ပွဲကြီး ကျင်းပဖြစ်ခဲ့တော့တာပဲ။ ဒီလိုနဲ့ ဗမာကြက်မေး၊ ကချင်ကြက်မရနဲ့ ချလာတဲ့စီပီကြက်လည်း ပြောင်တာပါပဲ။

**သဘာဝ တောတောင်အလှတွေ**

အခုငါရေးနေတာတွေက အစားအသောက်တွေ ချည်းဖြစ်နေတယ်လို့ မင်းကထင်ရော့မယ်။ ရှမ်းအိုးစည်အကကို ကချင် မနောကတဲ့သူကလည်း နှစ်သက်ကြတာပါပဲ။ ဒုံးယိမ်းကတဲ့ ကရင်ကလည်း ချင်းရိုးရာ ဝါးညှပ်အကကို စိတ်ဝင်စားကြမှာပါ။ အင်းတော်ကြီးကရွှေမြဇူ ရေလယ်ဘုရားဖူးနေကျသူတွေကလည်း ကျိုက်ခမီရေလယ်ဘုရားရောက်ဖူးချင်ကြမှာပေ့ါ။ တောင်တန်းတွေပေါ်ကသူတွေ ပင်လယ်ကိုမြင်ဖူးချင်သလို ပင်လယ်နားကလူတွေကလည်း တောင်ပေါ်ကအေးမြတဲ့အရသာကို ခံစားလိုကြတာသဘာဝပါ။ အစွန်အဖျားကလူတွေက မြေပြန့်ကိုခြေဆန့်လိုသလို ငါတို့လိုမြေပြန့်သားတွေကလည်း သဘာဝတောတောင်အလှတွေကို မြတ်နိုးတတ်ကြပါတယ် သူငယ်ချင်း။

စကားမစပ်ကွာ။ ခရီးသွားရင် ငွေကုန်ကြေးကျတော့ နည်းနည်းရှိတာပေ့ါကွာ။ မြစ်ကြီးနားရောက်ရင် ကချင်ရိုးရာ၊ တောင်ကြီး အင်းလေးရောက်ရင် ရှမ်းရိုးရာ၊ ကန်ပက်လက်ရောက်ရင် ချင်းရိုးရာ၊ စစ်တွေ မြောက်ဦးရောက်ရင် ရခိုင်ရိုးရာ၊ ဘားအံရောက်ရင် ကရင်ရိုးရာ၊ မော်လမြိုင်ရောက်ရင် မွန်ရိုးရာ၊ လွိုင်ကော်ရောက်ရင် ကယားရိုးရာဝတ်စုံတွေကို ဆွဲကြမှာပဲ။ အမှတ်တရဆိုတာလည်းဖြစ်မယ်။ ကိုယ့်တိုင်းရင်းသားတွေရဲ့ရိုးရာအမှတ်အသားတွေကို ချစ်မှန်းမသိချစ်နေတတ်တဲ့ အတွင်းစိတ်ခံကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် အစားကိစ္စလည်း ရှိသေးတယ်။ ဥပမာ ကျိုင်းတုံရောက်ရင် မြေပဲ တို့ဟူး၊ ထားဝယ်ရောက်ရင် မုန့်ကုလားမဲ၊ မန္တလေးရောက်ရင် ထိုးမုန့်နဲ့ မုန့်တီသုပ် အို ပြောရင်ကုန်မှာ မဟုတ်ပါဘူး။ မင်းသွားတဲ့ အချိန်ကျမှပဲ မေးမြန်းစားပေရော့ကွာ။

ငါ အစမှာရေးခဲ့ပါတယ်။ Travelling is art. ဆိုတာကို။ အမှန်ကတော့ ခရီးသွားခြင်းက အဲဒီအဆိုထက် ပိုပြီးလေးနက်နေတာကို မင်းသိလာမှာပါ။ မင်းတို့၊ ငါတို့ရဲ့ မျိုးဆက်တွေကို ပညာအမွေပေးတယ်ဆိုရာမှာ ခရီးသွားလာခြင်းကရတဲ့ အမွေကိုလည်း ပေးခဲ့သင့်တယ်ထင်တာပဲ။ ကလေးတွေကို စာတွေ့တွေမှာပဲ ရပ်တန့်မနေစေဘဲ လက်တွေ့တွေနဲ့လည်း တွေ့ခွင့်ပေးနိုင်ပါမှ ဘဝဟာ ပိုမိုလေးနက်မှုရှိလိမ့်မယ်လို့ ထင်တယ်လေ။ ငါတို့တိုင်းရင်းသားတွေအချင်းချင်း ကူးလူးဆက်ဆံရင်းနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသကို ခင်တွယ်ရင်းစွဲရှိရာကနေ အခြားသော တိုင်းရင်းသား လူမျိုးစုတွေနဲ့ အဲဒီဒေသတွေကိုပါ ချစ်ခင်လေးစားတတ်တဲ့ စိတ်တွေ တိုးပွားလာစေမှာအမှန်ပါပဲ။

**ပြည်ထောင်စုဖွားတိုင်းရင်းသားရဲ့ အမွေအနှစ်**

ခရီးသွားဖန်များလာတော့ ပြည်ထောင်စုရဲ့အမွေဆိုတာကို သဘောပေါက်လာတယ်မောင်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဆိုတဲ့ မြစ်ကြီးတွေ၊ ရှမ်းရိုးမ၊ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ကချင်တောင်တန်း၊ ချင်းတောင်တန်း၊ တနင်္သာရီတောင်တန်း၊ ပုပ္ပားတောင်တို့လို ရိုးမတောင်တန်းကြီးတွေ၊ အင်းတော်ကြီး၊ အင်းလေးကန်တို့လိုကန်ကြီးတွေ၊ ဆဒ့ံုရေတံခွန်၊ ပွဲကောက်ရေတံခွန်၊ ကျူထော်ရေတံခွန်၊ ဇင်းကျိုက်ရေတံခွန်တို့လို ရေတံခွန်ကြီးတွေ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်က သယံဇာတတွေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ ရေးရင်တော့အများကြီးပေ့ါကွာ။ ဒါတွေအားလုံးဟာ ပြည်ထောင်စုရဲ့အမွေတွေပါပဲ။ လူတစ်ဦး၊ လူမျိုးတစ်မျိုးချင်းနဲ့သက်ဆိုင်သလို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်နေတဲ့ အမွေအနှစ်တွေပါပဲမောင်။

ဒါကြောင့် အလုပ်တွေထဲမှာပဲ မွေ့လျော်နေတတ်တဲ့ ငါ့သူငယ်ချင်းတစ်ယောက် အချိန်ယူပြီး သွေးချင်းတို့ဆီ ခြေဆန့်ဖြစ်စေချင်တဲ့စေတနာနဲ့ ဒီစာကိုရေးဖြစ်ပါတယ်။ ခရီးသွားခြင်းကိုဝါသနာထုံတဲ့ ငါကလည်း မင်းတင်မက မင့်မျိုးဆက်တွေတင်မက နောင်လာမယ့် မျိုးဆက်များစွာတိုင်အောင် တိုင်းရင်းသားအားလုံးဟာ မြန်မာနိုင်ငံ တစ်နံတစ်လျားကို ထာဝရ အေးချမ်းစွာ ခရီးသွားလာနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း။

**မင်းရဲ့သူငယ်ချင်း**

" တိုင်းရင်းသားလူမျိုးတွေရဲ့ မတူကွဲပြားတဲ့ အချက်တွေကို လက်တွေ့ သိမြင်လေ့လာခွင့်ရခဲ့တယ်လေ။ လူမျိုးမတူဘူး၊ ဘာသာစကား ကွဲကြတယ်၊ ရိုးရာယဉ်ကျေးမှုတွေ၊ ကိုးကွယ်ယုံကြည်မှုတွေ၊ ဓလေ့ထုံးစံတွေလည်း ကွဲပြားကြတာတွေ့ရတယ်။ သူ့နေရာနဲ့သူ သဘာဝအလှတရားတွေနဲ့ အမွေအနှစ်တွေလည်း မတူကြပါဘူး။ တူတာတစ်ခုတော့ ရှိတယ်မောင်။ မြန်မာဆိုတဲ့ နိုင်ငံတစ်ခုတည်းအတွင်းမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက် နေကြတယ်ဆိုတဲ့ အချက်ကတော့ တူနေတယ်။ နောက်တစ်ခုရှိသေးတယ်။ တိုင်းရင်းသားတွေအလိုက် ကိုယ့်လူမျိုး၊ ကိုယ့်ရိုးရာ ယဉ်ကျေးမှုတွေကို မြတ်နိုးကြသလို တိုင်းရင်းသားအချင်းချင်းလည်း လူမျိုးတစ်မျိုးနဲ့ တစ်မျိုး အပြန်အလှန် လေးစားချစ်ခင်တတ်ကြတာကိုလည်း တွေ့ရတယ်။ "

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

## ပြည်ထောင်စုစိတ်ဓာတ်

❀ တို့တစ်တွေကား
တစ်မြေတည်းနေ
တစ်ရေတည်းသောက်
တစ်မိပေါက်သားချင်း
သွေးရင်းညီနောင် ဖြစ်ကြ၏။

❀ တို့ရွာစည်းရိုး
ယာခရိုးတွင်
သူခိုးဓားပြ
လက်နက်ပြ၍
အဝမှုု အမြဲပြု၏။

❀ တို့ယာခရိုး
ခြံစည်းရိုးတွင်
ကျားဆိုးမျက်မည်း
သောင်းကျန်းမြဲတည့်
လူဆွဲ နွားဆွဲ အလွန်ရဲ၏။

❀ တို့ရွာပြင်မြောက်
အလွန်နောက်သည့်
ကြောက်မက်ဖွယ်ရာ
ပယောဂဆရာလည်း
စာနာမှုကင်း၊
ရဲတင်းယုတ်မာ အပင်းသွင်းလာ၏။

❀ တို့ရွာခြံဝင်း
အိမ်တွင်းမီးထ
ယုတ်မာကြသည့်
တစ်ဘို့တည်းသမား
လူရမ်းကားအချို့ အတွင်းမီးရှို့၏။

❀ အို
ဆွေမျိုးသားချင်း၊ ညီနောင်ရင်းတို့
အတွင်းမီး၊ ပြင်ပရန်ဆီး
မည်သို့ကြီးလည်း၊ စုစည်းအင်အား
လက်တွဲထားကြ၊ ဓားဆွဲလုံ့ဆွဲ
ခုခံရဲ၏၊

❀ အမြဲစည်းလုံး၊ တို့လက်ရုံးဖြင့်
မိုးလုံးသိမ့်သိမ့်၊ မြိမ့်မြိမ့်ဟစ်ကြွေး
သံပြိုင်ပေးလျက်၊ အရေးကြီးက
သွေးစည်းကြလော့၊ မလျော့သောခွဲ
အားမာန်ခဲ၍၊ ပြည်ထဲအရေး
ချစ်စိတ်မွေးကာ၊ ကာကွယ်ပါမည်
တို့ပြည်တို့ရွာ တည်တံ့ရေး။ ။

**နန္ဒာမင်းလွင်**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသိန်း၊ တောင်ငူခရိုင် ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁ ရက် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်း ကျေးရွာအုပ်စု ဌာနပေါင်းစုံရုံးမြေနေရာ၌ တည်ဆောက်လျက်ရှိသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် တည်ဆောက်လျက်ရှိသော မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံးသစ် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝါးရုံတောကျေးရွာ အုပ်စု အောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံအပ်ချုပ်စက် သင်တန်း (၁/၂၀၁၈) တို့ကို ကွင်းဆင်းကြည့်ရှုခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွှန့်က လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၅၇၈)**

## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များ အသိဉာဏ်မြင့်မားပြီး စာပေကို ချစ်မြတ်နိုးစိတ်များ ရရှိစေရန်၊ ဗဟုသုတပြည့်ဝသော အနာဂတ် မျိုးဆက်သစ် လူတော်လူကောင်းများ ဖြစ်ပေါ်လာစေရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။



ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့အောင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း (မောင်နေလ)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွှေးရီနှင့် ပညာရေးဌာနမှ ဆရာ ဆရာမများက ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## မြေဩဇာနှင့် မြေဆွေးပြုလုပ်သုံးစွဲနည်း တောင်သူပညာပေး

**ကျိုက်ဒုံ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့အတွင်း လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံနှစ်ရှည်ပင်စသည့် သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်၍ အသက်မွေးဝမ်းကျောင်းပြုနေကြသော ဒေသခံတောင်သူများအနေဖြင့် ဈေးနှုန်းမြင့် ဓာတုမြေဩဇာများ သုံးစွဲမှုမလိုဘဲ အရင်းအနှီးကုန်ကျမှုနည်းသည့် သဘာဝစိုက်ပျိုးရေးကို ဦးတည်ဆောင်ရွက်သော EM မြေဩဇာနှင့် EM ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်း တောင်သူပညာပေးခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ဝင်းလုံကျေးရွာနှင့် ဝက်ဒုံကျေးရွာတို့တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းလုံကျေးရွာနှင့် ဝက်ဒုံကျေးရွာများမှ တောင်သူများအား ကျေးရွာအရောက် ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဈေးနှုန်းမြင့် ဓာတုမြေဩဇာများကို သုံးစွဲနေကြရခြင်းကြောင့် အရင်းအနှီးကုန်ကျစရိတ်မြင့်မား၍ အကျိုးအမြတ်ရရှိမှုနည်းပါးနေခြင်း၊ ဓာတုမြေဩဇာများမှ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်းနှင့် လယ်ယာထွက်အသီးအနှံများကို စိတ်ချယုံကြည်စွာ စားသုံးနိုင်စေရန်အတွက် ကုန်ကျစရိတ်သက်သာသော လယ်ယာထွက်စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ရရှိမည့် အဏုဇီဝ EMမြေဩဇာနှင့် EMဘိုကာရှီမြေဆွေးပြုလုပ်၊ သုံးစွဲနည်းများကို ရှင်းလင်းပညာပေးပြီး တောင်သူများနှင့်အတူ လက်တွေ့ပြုလုပ်ပြီး သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**



## သက္ကမ(ဒိုင်းနက်) တိုင်းရင်းသား စာပေပြုစုပြီးစီး၍ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားများအား သင်ကြားပေးမည်

**မင်းပြား ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲတွင် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးပုန်ဘွေက တိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့် မိမိတို့ တိုင်းရင်းသား အသီးသီးတို့၏ စာပေများကိုပြုစု၍ သင်ကြားပေးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန် လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်အတွင်း ပျံ့နှံ့နေထိုင်လျက်ရှိသည့် သက္ကမ(ဒိုင်းနက်) ကလေးသူငယ်များကို သင်ကြားပြသနိုင်ရန် သက္ကမ(ဒိုင်းနက်) စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပြုစုပြီးဖြစ်ကြောင်း သက္ကမ (ဒိုင်းနက်) ရဟန်းအရှင်ဇောတိပါလက မိန့်ကြားသည်၊

သက္ကမ(ဒိုင်းနက်)စာပေကို ရှာဖွေစုဆောင်းပြုစုပြီးဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ဖြန့်ခွဲနေထိုင်လျက်ရှိကြသည့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်ရှိ သက္ကမ (ဒိုင်နက်)တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများမှ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားလူငယ်များကို စုစည်း၍ ယခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလတွင် လမ္ဘာဇီးကုန်းကျေးရွာ၌ သင်ကြားပေးနိုင်ရန် သက္ကမ (ဒိုင်းနက်) စာပေသင်ကြားပေးမည့် ဆရာ ဆရာမများနှင့် ညှိနှိုင်း၍ တိုင်းရင်းသားလူငယ် ၅၀ တို့အား သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရခိုင်ပြည်နယ်)ကို ရခိုင်ပြည်နယ်အတွင်းရှိ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့ နေထိုင်ရာ မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များဖြင့် ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၄**
နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဆရာစံပလာဇာ၌ကျင်းပသော ဗဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်ပန်းပုပညာရှင်များ၊ စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခင်မောင်အေးက ပွဲတော်ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပန်းပုပြိုင်ပွဲ စတင်ခဲ့ပုံအား Power Point Presentation ရှင်းလင်းတင်ပြခြင်း၊ ပြိုင်ပွဲဆုရသူများ အမည်စာရင်းကြေညာခြင်းနှင့် အကဲဖြတ်အဖွဲ့ ကိုယ်စား ပန်းပုပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ဆုရ ပညာရှင်များအားဆုချီးမြှင့်ခြင်း၊ ဆုရသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခြင်းတို့ကို အစီအစဉ်အတိုင်းကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲများကို ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊၂၀၁၆ ခုနှစ်များတွင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ပထမဆု ကျပ် ၇၅ သိန်း၊ ဒုတိယဆု ကျပ်သိန်း ၅၀၊ တတိယဆု ကျပ်သိန်း ၃၀ နှင့် အထူးဆုများကို ကျပ် ၁၀ သိန်းစီ ချီးမြှင့်ကြောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရသူများအားလုံးကို ရွှေငါးမူးသား ရွှေဆွဲပြား တစ်ပြားစီလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ပြိုင်ပွဲတွင် စိတ်ကြိုက်နှင့် မော်ဒန်ပြိုင်ပွဲ နှစ်မျိုးကို ကျင်းပခဲ့ရာ စိတ်ကြိုက်ပြိုင်ပွဲတွင် ပန်းပုရုပ် ၁၃၉ ရုပ်နှင့် မော်ဒန်ပြိုင်ပွဲတွင် ၁၃၂ ရုပ် စုစုပေါင်း ၂၇၁ ရုပ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စိတ်ကြိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုအပါအဝင် အထူးဆု ၁၀ ဆု၊ မော်ဒန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ခုနစ်ဆု စုစုပေါင်း ၂၄ ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မော်ဒန်ပြိုင်ပွဲတွင် မြောက်ဥက္ကလာမှ ပန်းပုပညာရှင် ဦးကျော်မင်းထိုက်က ဂီတမိခင်ပန်းပုရုပ်ဖြင့် ပထမ၊ ဒါးပိန်မှ ဦးတင်ကိုဝင်းက စွဲလမ်းခြင်း၏နောက်ကွယ်ပန်းပုရုပ်ဖြင့် ဒုတိယဆု၊ မြောက်ဥက္ကလာမှ ဦးရဲထွန်းအောင်က နှောင်ကြိုးလေးတစ်မျှင်ပန်းပုရုပ်ဖြင့် တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

စိတ်ကြိုက်ပြိုင်ပွဲတွင် ဒါးပိန်မှ ဦးကျော်စွာက ရပ်ကြီးသူပန်းပုရုပ်ဖြင့် ပထမ၊ ဒါးပိန်မှ ဦးဇော်ထူးက လေကိုခွင်း၍ မိုးသို့ပျံ ပန်းပုရုပ်ဖြင့် ဒုတိယ၊ ဒါးပိန်မှ ဦးပြည့်စုံအောင်နှင့် ဦးထင်လင်းဦးတို့က ပူးတွဲတတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

**မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း စတင်တည်ဆောက် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**
မင်းဘူးနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း(၁၇၀ မဂ္ဂါဝပ်)အား စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီတွင် အဆိုပါ စီမံကိန်းမြေနေရာ၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မင်းဘူးနေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းကို GEP Myanmar Co., Ltd. မှ BOT စနစ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး စက်တပ်ဆင်အင်အား (၁၇၀ မဂ္ဂါဝပ်)ဖြင့် စီမံကိန်းကို အဆင့်(၄)ဆင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ပထမအဆင့်မှ တတိယအဆင့်အထိ (၄၀ မဂ္ဂါဝပ်)စီ အသီးသီး တည်ဆောက်သွားမှာဖြစ်ပြီး စတုတ္ထအဆင့်ကို (၅၀ မဂ္ဂါဝပ်)ဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူရန်အတွက် ဝန်ကြီးဌာနနှင့် GEP Myanmar Co., Ltd. တို့ ဓာတ်အား ဝယ်ယူရေးသဘောတူ စာချုပ်ကို ၂၀-၃-၂၀၁၆ ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ ယခု တည်ဆောက်မည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်အထည်ဖော်တည်ဆောက်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် မုန်းချောင်း၊ ကြီးအုံကြီး၀၊ မြစ်သာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ကျွန်းချောင်း၊ မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခု မင်းဘူးနေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း(၁၇၀ မဂ္ဂါဝပ်) တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၂၁၀၀၀၀ စုခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုများမှ သုံးစွဲပြီး ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်မှတစ်ဆင့် အခြားဒေသများရှိ ဓာတ်အားမရရှိသေးသော ဒေသများသို့ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မင်းဘူး နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး GEP Myanmar Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သီဟက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မင်းဘူး နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(၁၇၀ မဂ္ဂါဝပ်) စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းအခမ်းအနားအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် GEP Myanmar Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်သီဟတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် စီမံကိန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနား အထိမ်းအမှတ်အဖြစ် Solar PV Panel များအား Pile ရိုက်စက်ဖြင့် ပန္နက်ရိုက်သွင်းခြင်းကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ GEP Myanmar Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများမှ ကြည့်ရှုလေ့လာခဲ့ပြီး နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များအား ပူးပေါင်း ဆောင်ရွက်သွားရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းစိန်မြို့နယ်တွင် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၄**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ကြက်ခြေနီသူနာပြုထူးချွန်တပ်ဖွဲ့တို့မှ ကြီးမှူးဖွင့်လှစ်သော ကျောင်းကြက်ခြေနီနှင့် လုပ်ငန်းခွင်ဝန်ထမ်းများအား ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးတို့က အမှာစကားများပြောကြားပြီး ကြက်ခြေနီဆေးသေတ္တာများကို ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ပေးအပ်ကြပြီး သင်တန်းသား သင်တန်းသူ ၂၅၀ မှ ထူးချွန်ဆုရ ကြက်ခြေနီတပ်ဖွဲ့ဝင်များကို တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၂ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကချင်ပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။





လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ တိုက်ပွဲများကြောင့် နေရပ်ဒေသများသို့ ပြန်မည့်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးစဉ်။

❖ ကျောဖုံးမှ

တိမ်းရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်း၊ ကူညီထောက်ပံ့ခြင်း၊ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရပ်ဝေးဒေသများသို့ ပြန်လည်ပို့ဆောင်လျက်ရှိရာတွင် ဝါးခယ်မ၊ ခင်ဦး၊ တောင်ငူမြို့များမှ ပြည်သူ ကိုးဦးသည် ဇန်နဝါရီ ၃၁ ရက်တွင် လည်းကောင်း၊ ဒီပဲယင်း၊ နတ်မောက်၊ မြောက်ဦးမြို့များမှ ပြည်သူ ခုနစ်ဦးသည် ဖေဖော်ဝါရီ ၂ ရက်တွင် လည်းကောင်း၊ ပလက်ဝ၊ အရာတော်၊ မိုးကုတ်၊ ဒီပဲယင်း၊ ဟိုပင်၊ တံတားဦး၊ မြေပုံ၊ ဖရူဆို၊ ဝန်းသိုမြို့များမှ ပြည်သူ ၃၁ ဦးသည် ဖေဖော်ဝါရီ ၃ ရက်တွင် လည်းကောင်း၊ မြစ်ကြီးနား၊ မန္တလေး၊ ရွှေဘို၊ မိုးကုတ်၊ ပလက်ဝမြို့များမှ ပြည်သူ ၄၃ ဦးသည် ဖေဖော်ဝါရီ ၄ ရက်တွင် လည်းကောင်း ၎င်းတို့၏နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကချင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများ၊ စားစရိတ်နှင့် ခရီးစရိတ်များထောက်ပံ့ပေးပြီး သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနား-မန္တလေး အမြန်ရထားပေါ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ပွဲရှောင် နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားလိုအပ်ချက်များကိုလည်း ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ပယင်းမှော်၌ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ကချင်ပြည်နယ် တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (တနိုင်း)၏ အကူအညီများ ရယူပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ညှိနှိုင်းပေါင်းစပ်၍ စက်လှေများဖြင့် နန့်ကွမ်းချောင်းပေါက်ဝမှ တဝမ်ချောင်းတံတားအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (တနိုင်း)နှင့် မြို့နယ်မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ဆင်မ်ဆာ့ရပ်ကွက် (ကွက်သစ်)ရှိ ယာယီ အားကစားကွင်းစုရပ်သို့ပို့ဆောင်၍ ထိုမှတစ်ဆင့် နေရပ်အသီးသီးသို့ ဇန်နဝါရီ ၃၀ ရက်မှစတင်၍ ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တနိုင်းမြို့နယ်သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၁၇ ဦး ပေါင်း ၈၉ ဦးအနက် ယနေ့တွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသား ၆၀၊ အမျိုးသမီး ၁၆ ဦးအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ လက်ရောက်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ရပ်ဝေးနေပြည်သူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၁၃ ဦးတို့အား ယင်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဒကစ (တနိုင်း)နှင့် မြို့နယ်မှ စီစဉ်ပေးသည့် ယာဉ်တစ်စီးဖြင့် ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီခွဲတွင် တနိုင်းမြို့မှ တနိုင်း-နမ္မတီး-မိုးကောင်း လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများနှင့် မိုးကောင်းမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တနိုင်းမြို့သို့ ရောက်ရှိလာသည့် ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်မှုမှာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ အမျိုးသား ၅၀၀၊ အမျိုးသမီး ၂၉၇ ဦး စုစုပေါင်း ၇၉၇ ဦးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တိုက်ပွဲများကြောင့် နေရပ်ဒေသများသို့ ပြန်မည့်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးစဉ်။

# ဘူးသီးတောင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၄**
မောင်တောခရိုင် ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးခင်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မြန်မာ ကျောင်းသားတေးသီချင်းများဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို အထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းဖြင့် အခွင့်အရေးကိုအခြေခံပြီး ကျောင်းသား ကျောင်းသူများက ပညာရေးကို အစွမ်းကုန်ကြိုးစားကြရန်နှင့် ဆရာ ဆရာမများကလည်း တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားလာစေရန် မိမိတို့ တတ်စွမ်းနိုင်မှုကိုအခြေခံပြီး တပည့်များကို စေတနာထားသင်ကြားပေးလိုပါကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးခင်အောင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစပြီး NESP ဟုခေါ်သည့် ပညာရေးမဟာဗျူဟာစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏ ပညာရေးကို နိုင်ငံတကာနှင့် အဆင့်မီအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းလှိုင်က ကျောင်းသမိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် ဖျော်ဖြေပေးကြပြီး အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းခဲ့သည်။ ယခု ဖွင့်လှစ်ခဲ့သောကျောင်းမှာ ယခင်က အထကခွဲ(၁)




ကျောင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ **လက်ရှိချန်ပီယံမှ**
ဒုတိယမြောက် သရေပွဲကြုံတွေ့ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာပြဿနာရှိနေသည့် နောက်ခံလူ ဟိန်းသီဟဇော်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းတွင်မူ ဒဏ်ရာရနေသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း ပါဝင်နိုင်ခြင်းမရှိဘဲ ဝင်းနိုင်စိုးကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပထမပိုင်းကစားပုံအရ နှစ်သင်းစလုံး အပြန်အလှန်ရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်ပိုရခဲ့သည်။ ပွဲအစ ရှစ်မိနစ်တွင် လှိုင်းဘိုဘို၏ အဝေးကန်ချက် တိုင်ထိထွက်သွား၍ ရတနာပုံအသင်း နစ်နာခဲ့ရသည်။ နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ခရစ္စတိုဖာက နှစ်ကြိမ်၊ ဇင်မင်းထွန်းနှင့် ရန်နိုင်ဦးတို့က တစ်ကြိမ်စီ အပိုင်အခွင့်အရေးများ ရခဲ့သော်လည်း ရတနာပုံဂိုးသမား ချမ်းငြိမ်းကျော်ကာကွယ်နိုင်ခဲ့၍ အိမ်ရှင်အသင်း ဂိုးပေါက် ပျောက်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး နိုင်ငံခြားသားတိုက်စစ်မှူး ပက်ထရစ်အပါအဝင် စိုးမင်းဦး၊ အောင်ရှိုးသာမောင်တို့ကိုထည့်ကာ ကစားအား မြှင့်ခဲ့သော်လည်း ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။



**ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-စိုးညွန့်

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ပထမပိုင်းလောက် ကစားပုံမကောင်းတော့ဘဲ ဂိုးရအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် ခံစစ်ကို အဓိကထားကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ၅၉ မိနစ်တွင် ရဲကိုဦး အပိုင်ကန်ခွင့် ရသော်လည်း လွဲချော်ခဲ့၍ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းက မြဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် ရဲထက်အောင်၊ မိနစ် ၅၀ တွင် ကောင်းစည်သူ၊ ၆၇ မိနစ်တွင် ဘယ်ရီ၊ ၇၂ မိနစ်တွင် နေဖြိုးလွင်တို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် နှစ်ပွဲဆက်အနိုင်ရခြင်းဖြစ်ပြီး ၅၇ မိနစ်တွင် မောင်မောင်စိုးနှင့် ၅၈ မိနစ်တွင် အောင်မြင့်ထွန်းတို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ်(၄)အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က ၁၀ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေကာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်ရထားသည်။ **ညီမြတ်သော်တာ**

## ကာမိုင်းမြို့နှင့် ကာမိုင်း-လဝါး လမ်းဆုံကြား တံတားအနီး မိုင်းတစ်လုံးတွေ့

**ကာမိုင်း ဖေဖော်ဝါရီ ၄**
ကာမိုင်းမြို့နှင့် ကာမိုင်း-လဝါး လမ်းဆုံကြား တံတားအနီးတွင် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သိရသည်။

ကာမိုင်းမြို့နှင့် ကာမိုင်း- လဝါးလမ်းဆုံကြားတံတားအနီးတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ကေအိုင်အေမှ မိုင်းထောင်ထားသော အလျား ရှစ်လက်မ၊ အနံ လေးလက်မပတ်လည် လေးထောင့်ပုံတိပ်အဝါဖြင့် ပတ်ထားသော လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လက်လုပ်မိုင်းအား အများပြည်သူအန္တရာယ်ကင်းရှင်းစေရေးအတွက် တပ်မတော်မှ ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရှင်းလင်းပြီးကြောင်း သိရသည်။ **မင်းမင်းဦး**





**ရတနာပုံအသင်းနည်းပြ ဦးအောင်ကျော်မိုးနှင့် ကစားသမား စည်သူအောင်တို့အား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။** ဓာတ်ပုံ- စိုးညွန့်

## ဇန်နဝါရီလအတွက် MNL တစ်လတာအကောင်းဆုံးဆု နည်းပြ ဦးအောင်ကျော်မိုးနှင့် ကစားသမား စည်သူအောင်ရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**
၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးဆုများကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ရွေးချယ်ခဲ့ရာ ရတနာပုံတစ်သင်းတည်းက ဆွတ်ခူးခဲ့ပြီး နည်းပြဆုကို ဦးအောင်ကျော်မိုး၊ ကစားသမားဆုကို စည်သူအောင်တို့က ရရှိခဲ့သည်။

ယင်းအကောင်းဆုံးဆုများကို ဇန်နဝါရီလအတွင်း ယှဉ်ပြိုင်ခဲ့သည့် သုံးပွဲအပေါ်အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဇန်နဝါရီလအတွင်း သုံးပွဲစလုံး ဂိုးပြတ်အနိုင်ရခဲ့ပြီး ဧရာဝတီကို ငါးဂိုး-နှစ်ဂိုး၊ ရခိုင်အသင်းကို လေးဂိုး-နှစ်ဂိုး၊ GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇန်နဝါရီလအတွင်း သုံးပွဲစလုံး အနိုင်ရသည့် နှစ်သင်းရှိခဲ့သော်လည်း ပြိုင်ဘက်အသင်းအပေါ်မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရတနာပုံအသင်းနည်းပြချုပ် ဦးအောင်ကျော်မိုးက ရွေးချယ်ခံရခြင်းဖြစ်သည်။ ကစားသမားဆုကိုမူ သုံးပွဲကစား ငါးဂိုးသွင်းနိုင်ခဲ့သည့် ရတနာပုံ တောင်ပံကစားသမား စည်သူအောင်က ရရှိခဲ့သည်။ စည်သူအောင်သည် ဧရာဝတီနှင့်ပွဲတွင် တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့ပြီး ရခိုင်နှင့်ပွဲတွင်လည်း အနိုင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လအလိုက်အကောင်းဆုံးဆုများကို ယခုရာသီမှ ပြန်လည်ချီးမြှင့်ခြင်းဖြစ်ပြီး ပွဲအလိုက်စွမ်းဆောင်မှုများအပေါ်မူတည်၍ နည်းပြချုပ်၊ ဒိုင်ကြီးကြပ်နှင့် ပြိုင်ပွဲကြီးကြပ်သူတို့၏ ဆန္ဒမဲကို စတင်ကောက်ခံကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့က ပြန်လည်ရွေးချယ်ခြင်းဖြစ်သည်။ ယခုဆုများကို ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲမတိုင်မီ ချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့်အတူ အကောင်းဆုံးကစားသမားဆုကို ငွေကျပ် တစ်သိန်းခွဲနှင့် နည်းပြဆုကို ငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

## ရခိုင်ပြည်နယ်သတင်း

# ငါးခူရနှင့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းများ အသင့်အနေအထားရှိမှုအခြေအနေများအား ရခိုင်ပြည်နယ်ဝန်ကြီးများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ကျဝန်ထမ်းများအား အားပေးစကားပြောကြား

**မောင်တော ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့တွင် ငါးခူရနှင့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းများ၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် အသင့်အနေအထား ဖြစ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဦးကျော်လွင်နှင့် အဖွဲ့သည် ငါးခူရ ယာယီလက်ခံရေးစခန်းသို့ သွားရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နေထိုင်စားသောက်မှုအခြေအနေများ၊ ရေနှင့် လျှပ်စစ်မီးရရှိနေမှု အခြေအနေများကို မေးမြန်း၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောခရိုင် ကြိမ်ချောင်းကျေးရွာအတွင်း မြေနေရာရှင်းလင်းနေမှု အခြေအနေနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖိုးကံကောင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်နေသည့် ၁၅တန် ဆန်စက်နှင့် ၁၂တန် အခြောက်ခံစက် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြရာ မြန်မာ - ဘင်္ဂလားဒေ့ရှ် တပ်ရင်းမှူးအဆင့် Flag Meeting ပြုလုပ်ရန် ယာယီဆောင် ဆောက်လုပ်ထားမှု အခြေအနေနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အသင့်အနေအထားရှိနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုကြသည်။



ယင်းနောက် အဆိုပါစခန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေ၊ နေထိုင်စားသောက်နေမှုအခြေအနေများကို မေးမြန်းကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ - အောင်မင်း**

# လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်



**မြောက်ဦး ဖေဖော်ဝါရီ ၄**

မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ချောင်းသစ်ကျေးရွာ ဘဝသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများပိုင် လယ်ယာမြေများကို ဒုတိယတန်းစား အဆင့်မြှင့်တင် ပြုပြင်နိုင်ရန် မြောက်ဦးမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ အသင်းသား ၂၃ ဦးအား လယ်ယာမြေ ၁၈၁ ဧကအတွက် ပံ့ပိုးချေးငွေ ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ အဆိုပါ လယ်မြေ ၁၈၁ ဧကကို ဇန်နဝါရီ ၂၆ ရက်က စတင်၍ လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆောင်ရွက်သွားမည်ဟုသိရသည်။

တောင်သူများအနေဖြင့် မိုးစပါးနှင့် အခြားဆောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာလုပ်သားရှားပါးချိန်၌ စက်ကိရိယာများအသုံးပြုထွန်ယက်နိုင်ပြီး ရိတ်သိမ်းချိန်တွင်လည်း ခြွေလှေ့စက်များဖြင့် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်တွေမြို့ ရှုခင်းသာလမ်းရှိ တံတားနှစ်စင်းအား ငွေကျပ်သန်း ၈၀ ကျော်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**စစ်တွေ ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရှုခင်းသာကမ်းနားလမ်းရှိ သစ်သားတံတားနှစ်စင်းကို ကွန်ကရစ်တံတားအဖြစ် အသစ်ပြန်ဆောက်လုပ်လျက်ရှိကြောင်း စစ်တွေမြို့နယ် စည်ပင်သာယာရေးရုံးမှ အမှုဆောင်အရာရှိ ဦးကျော်မိုးက ပြောသည်။

“ကျွန်တော်တို့တံတားတစ်စင်းလုံးကို အစအဆုံးပြန်ပြင်တာတော့မဟုတ်ဘူး၊ နဂိုရှိပြီးသားအောက်ခံခုံတွေကို တချို့ကြံ့ခိုင်မှုအားနည်းတဲ့နေရာတွေကို ကြံ့ခိုင်မှုရှိအောင်ပြန်လုပ်တဲ့အပိုင်းပါမယ်၊ တံတားရဲ့အပေါ်ထည်မှာရှိတဲ့ concrete beam တွေကိုလည်း လိုအပ်လို့ရှိရင် ကြံ့ခိုင်မှုရှိအောင် ပြန်ပြင်တဲ့အပိုင်းတွေပါမယ်၊ အဓိကကတော့ တံတားရဲ့ကြမ်းခင်းက သစ်သားထည်ဖြစ်နေတယ်၊ သစ်သားထည်ဖြစ်တဲ့အတွက် နှစ်ကာလလည်းကြာပြီဆိုတော့ ပျက်စီးနေတဲ့အပိုင်းတွေရှိတယ်၊ အန္တရာယ်ရှိတယ်၊ အဓိကက အဲဒီအောက်ခံခုံတွေ၊ beam တွေ ပြန်ပြင်ပြီးလို့ရှိရင် အပေါ်က ဆလပ်လောင်းတာက အဓိကပေါ့၊ တံတားနှစ်စင်းလုံးကတော့ RC ဆလပ်လောင်း တံတားတွေဖြစ်ပါတယ်”ဟု စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်မိုးက ပြောသည်။

အဆိုပါတံတားနှစ်စင်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားအမှတ်(၁)အားငွေကျပ် ၃၂ ဒသမ ၅၃ သန်းနှင့် တံတားအမှတ်(၂)အား ငွေကျပ် ၅၂ ဒသမ ၇၂ သန်း စုစုပေါင်းသန်း ၈၀ ကျော်အကုန်အကျခံကာ ယခုနှစ် မတ်လနောက်ဆုံးထားပြီး ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဦးကျော်မိုးထံမှ သိရသည်။



စစ်တွေမြို့ ရှုခင်းသာကမ်းနားလမ်းသည် စစ်တွေမြို့ရှိ ပြည်သူများ၏ အဓိကအပန်းဖြေအနားယူရာနေရာနှင့် နိုင်ငံခြားဧည့်သည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည့်အတွက် အဆိုပါတံတားနှစ်စင်းကို ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ရာတွင် အပန်းဖြေအနားယူသူများ သွားလာလို့ရအောင် လမ်းတစ်ဖက်ပိတ်စနစ်ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ဟန်လင်းနိုင်(စစ်တွေ-ကိုယ်ပွား)**

# လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ စက္ကူပုံးစက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မင်းကြီးမဟာမင်းခေါင်လမ်း အမှတ်(၁၇၂) ရှိ Grand Harvest (စက္ကူပုံး) စက်ရုံတွင် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ သက်ဆိုင်ရာမှ လေးနာရီကျော်ကြာ ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

"အဆောက်အအုံက လုံနေတော့ အပြင်ဘက်ကို မီးတောက်တွေ ထွက်တာ သိပ်မတွေ့ရဘူး။ အထဲမှာ လှိုက်ပြီးလောင်နေတာပါ။ မီးပွားတွေ ပတ်ဝန်းကျင်ကို တော်တော်လေးလွင့်နေလို့ မီးသတ်တပ်ဖွဲ့တွေ ကြိုးစားပြီး ငြိမ်းသတ်နေတာကိုတွေ့ရတယ်"ဟု အဆိုပါမီးလောင်မှုအနီးရှိ ဒေသခံ ကိုမြင့်ဦးက ပြောသည်။

မီးလောင်မှုဖြစ်ပွားရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေး အထောက်အကူပြု အဖွဲ့များ၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက လူနာတင်ယာဉ်များ၊ မီးငြိမ်းသတ်ယာဉ်များဖြင့် ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ကြရာ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့သော်လည်း ဘေးပတ်ဝန်းကျင်သို့ ဆက်လက် မီးကူးစက် မလောင်ကျွမ်းစေရန်အတွက် ည ၈ နာရီ မိနစ် ၄၀ အထိ ဘက်ပေါင်းစုံမှ မီးငြိမ်းသတ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ သဃ်န်းကျွန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ် မော်တော်ယာဉ်မှူးဖြစ်သူ ကိုဝင်းထိုက်က "ကျွန်တော်တို့ မီးလောင်တဲ့နေရာကို စတင်ရောက်ရှိချိန်မှာပဲ သစ်ပင်ပေါ်ကိုတက်ပြီး မီးလောင်နေတာကို ကြည့်တဲ့ အသက် (၁၈) နှစ်အရွယ် အမျိုးသားတစ်ဦး အပေါ်က ခတ်ကြိုးကြောင့် ခတ်လိုက်ပြုတ်ကျသွားလို့ ဆေးရုံကို လိုက်ပို့ခဲ့ပါတယ်၊ ဖြစ်ဖြစ်ချင်းမှာလည်း ရှေးဦးသူနာပြုစုနည်းနဲ့ လူနာကို သတိရအောင် လုပ်ပေးခဲ့ပါတယ်၊ သူရဲ့အိမ်ကိုလည်း သွားရောက် အကြောင်းကြားပေးခဲ့ပါတယ်၊ လူထိခိုက်ဒဏ်ရာ ရရှိမှုအနေနဲ့ကတော့ အခြားကြီးကြီးမားမားဖြစ်ပွားတာမျိုးတော့ လက်ရှိအချိန်အထိ မကြားမိသေးပါဘူး"ဟု ပြောသည်။

မီးလောင်မှုကြောင့်စက်ရုံအဆောက်အအုံ နှစ်လုံးနှင့်အတူ စက္ကူပုံးများ၊ လုပ်ငန်းသုံးမော်တော်ယာဉ် ၁၄ စီးတို့ မီးလောင်ခဲ့ပြီး မီးလောင်မှုအကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အပြင် အပြီးသတ်မီးငြိမ်းစေရန်အတွက် ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၂၇ စီး၊ သွင်းကုန် အစီး ၁၀၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၉၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၄ သန်းခန့်) စုစုပေါင်းတားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၁၉၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၃ ရက်တွင် မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော EVD စက် ၇၄ လုံးနှင့် DVD ခွေအလွတ် ၁၉၆ ဖာ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၉ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်များ သိမ်းဆည်းရမိ

**နတ်တလင်း ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ထိန်သေးကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ဦးမြင့်သန်း(၅၅)နှစ်၏ နေအိမ်ခြံဝင်းထဲတွင် တရားမဝင်ကျွန်းသစ်များ စုပုံထားရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီခွဲတွင် အမျိုးသားတစ်ဦးက ဖုန်းဖြင့် သတင်းပေးတိုင်ကြားချက်အရ ရဲအုပ်ထွန်းထွန်း၊ ဒုရဲအုပ်အောင်ကျော်ချမ်းမြေ့နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးကျော်တင်ဦး၊ တောခေါင်းဦးမောင်ချိုတို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဦးမြသန်း၊ ဦးချစ်ဖွယ်(ဆီဆုံကုန်းကျေးရွာနတ်တလင်းမြို့နယ်)နေသူနှင့် ဦးထိန်လင်း(၅၅)နှစ် ဇီးကုန်းကလေးအနောက်ပိုင်း ဇီးကုန်ကလေး ရပ်ကွက် နတ်တလင်းမြို့နေသူတို့ ပိုင်ဆိုင်သည့် ကျွန်းဆိုဒ်စုံသစ်လုံး ၁၀ လုံး(၂ ဒသမ ၂၅တန်)၊ ကျွန်းသစ်လုံးခွဲခြမ်းတစ်ခြမ်း (သုည ဒသမ ၂၅ တန်)၊ ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၃၆ ချောင်း(၂ ဒသမ ၇၀တန်) စုစုပေါင်းကျွန်းသစ် ၅ ဒသမ ၂၀ တန် ဖြစ်ပြီး တရားမဝင် ကျွန်းသစ်များအား လက်ဝယ်ထားရှိသူ ဦးမြင့်သန်း၊ ဦးချစ်ဖွယ်နှင့် ထိန်လင်းတို့အား မြို့မရဲစခန်းမှု(ပ)၇၈/၂၀၁၈၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ဥပဒေပုဒ်မ၆(၁)ဖြင့် အမှုဖွင့်၍ မြင့်သန်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း၊ ထိန်လင်းနှင့်ချစ်ဖွယ်တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၇၁**

# ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်၌ နေအိမ်ခြောက်လုံး မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ရာဇသင်္ကြန်လမ်း၌ ယမန်နေ့ ည ၁၂ နာရီက နေအိမ်ခြောက်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျန်စစ်သားရပ်ကွက် ရာဇသင်္ကြန်လမ်းနေ အိမ်ရှင် ဒေါ်ခင်ဌေးနွယ်၏ ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နေအိမ်ရှိ မီးဖိုထင်းစများ၏ မီးကွင်းမီးကျန်မှ တစ်ဆင့် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ၎င်းနှင့် ဘေးချင်းကပ်နေအိမ်များဖြစ်သော ဦးသိန်းထွန်း၊ ဦးကျော်သန်းဦး၊ ဦးစိုးမြင့်၊ ဦးငြိမ်အောင်၊ ဦးသိန်းဇော်တို့ နေအိမ်ခြောက်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ မီးသတ်ယာဉ်နှစ်စီး၊ အုပ်ချုပ်ရေးယာဉ်ငါးစီး၊ သန္တေ ၅၄ ဦး၊အရန် ၅၀ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သော အဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း၊နေအိမ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ဒလမြို့မရဲစခန်းမှ မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်ခင်ဌေးနွယ်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ Level-1 အဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# လှိုင်ကော်-သာစည် အစုန်ရထားပေါ်မှ ပလတ်စတစ်ခြင်းဖြင့် ထည့်ထားသည့် မူးယစ်ဆေးဝါးများ ယင်းမာပင်ဘူတာ၌ တွေ့ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၄**

သာစည်မြို့နယ် ယင်းမာပင်ဘူတာ၌ ဖေဖော်ဝါရီ ၃ ရက် ည ၉ နာရီခန့်က လှိုင်ကော်-သာစည် အစုန်ရထား BDTS 60324 တွဲအမှတ်(၁)ပေါ်မှ ပလတ်စတစ်ခြင်းဖြင့် ထည့်ထားသည့် မူးယစ်ဆေးဝါးများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့ မြို့မရဲစခန်းမှ ဒုရဲအုပ်လမင်းထက်နှင့်အဖွဲ့၊ ယင်းမာပင်နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်မြင့်စိန်နှင့် အဖွဲ့သည် သတင်းအရ အောင်ပန်းမီးရထားရဲစခန်းမှ ရဲဒုတပ်ကြပ် မြင့်အောင်၊ မီးရထားတွဲထိန်း ဦးဝင်းကိုကိုဦးတို့နှင့်အတူ ယင်းမာပင်ဘူတာ၌ လှိုင်ကော်-သာစည် အစုန်ရထား BDTS 60324 တွဲအမှတ်(၁)သို့ ရှာဖွေစစ်ဆေးရာ မီးရထားတွဲ အတက်အဆင်းတံခါးပေါက်အနီး ဝဲဘက်ခြမ်းရှိ ပစ္စည်းများတင်သည့်စင်ပေါ်မှ ပလတ်စတစ်ခြင်းအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် ဘိန်းဆီခဲဟု ယူဆရသော အမည်းရောင်အခဲ အလေးချိန် ၆ ဒသမ ၅ ကီလိုဂရမ်ခန့်ပါ တစ်ခြင်း၊ စိမ်း၊ဝါ၊နီကြားရောင် ပလတ်စတစ်ခြင်းအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် ဘိန်းဆီခဲဟု ယူဆရသော အလေးချိန် ၆ ဒသမ ၅ ကီလိုဂရမ်ခန့်ပါ ခြင်းတစ်ခြင်း စုစုပေါင်းခြင်း နှစ်ခြင်း (၁၃ ကီလိုဂရမ်ခန့်)သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယင်းမာပင်နယ်မြေရဲစခန်းမှ မယ(ပ)၂/၂၀၁၈ ၊မူး/စိတ် ပုဒ်မ-၁၉(က) ဖြင့် အမှုဖွင့်၍ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကျောက်ဆည်မြို့နယ် ကျောက်ပုံကျေးရွာတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**

ကျောက်ဆည်မြို့နယ် ကြောင်ကျေးရွာအုပ်စု ကျောက်ပုံကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မူးယစ်ဆေးဝါးများနှင့် ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသောပစ္စည်းများသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မူးယစ်နှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းရရှိသည့် ကျောက်ပုံကျေးရွာနေ မသန်းသန်းစိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိပ်ခန်းခြေရင်းကြမ်းခင်းပေါ်မှ တရုတ်စာတန်းနှင့် Love စာတန်းပါ ပလတ်စတစ်ဘူးသေးအတွင်းနှင့် အအေးစုပ်ပိုက်အပိုင်းလေးပိုင်းအတွင်းမှ WY စာတန်းပါ အစိမ်းရောင်ဆေးပြား ခြောက်ပြား၊လိမ္မော်ရောင်ဆေးပြား ၃၀၊ ၈၈/၁ စာတန်းပါ ပန်းရောင်ဆေးပြား ၁၇ ပြား စုစုပေါင်း ၅၃ ပြားနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသောခဲစက္ကူအသေး တစ်ရွက်၊ မီးခြစ် တစ်လုံးနှင့် ပိုက်တန်းလန်း အအေးဘူးခွံ တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး သန်းသန်းစိုးအား ရဲရွာနယ်မြေစခန်းမှ အရေးယူထားကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# တိုက်စစ်နှင့် ခံစစ်အကြား အပေးအယူ မှန်ကန်မှုကို ရှာတွေ့ရန်လိုအပ်ဟု ဝင်းဂါးဆို

အာဆင်နယ်အသင်းအနေဖြင့် ရာသီကုန်တွင် အောင်မြင်မှုဖြင့် အဆုံးသတ်နိုင်ရန်အတွက်မူ တိုက်စစ်နှင့် ခံစစ်အကြား အပေးအယူမှန်ကန်မှုကို ရှာတွေ့ရန်လိုအပ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ပွဲစဉ်(၂၆)တွင် အဲဗာတန်အသင်းကို ရမ်ဆေး၏ ဟက်ထရစ်သွင်းဂိုး၊ ကိုစီယယ်နီနှင့် အူဘာမီယန်တို့၏ သွင်းဂိုးများဖြင့် အဲဗာတန်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထိုသို့အနိုင်ရရှိခဲ့သော်လည်း ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၆)တွင်သာ ရပ်တည်လျက်ရှိနေပြီး လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အဆင့်(၄) ဝင်ရန် ရုန်းကန်ရဦးမည်ဖြစ်သည်။ ထို့ကြောင့် နည်းပြ အာစင်ဝင်းဂါးက တိုက်စစ်နှင့် ခံစစ် အပေးအယူမျှဖို့လိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူခဲ့သည့် အူဘာမီယန်သည် အာဆင်နယ်အသင်းနှင့် ပွဲဦးထွက် ဂိုးသွင်းယူနိုင်သည့် ရှစ်ဦးမြောက်ကစားသမားဖြစ်လာခဲ့ပြီး ၎င်းရှေ့တွင် စတိဗ်ဘိုးလ်၊ ကီဗင်ကမ်ဘဲလ်၊ ဖရီဒီး၊ အဒီဘာယော၊ နာဆရီနှင့် လာကာဇက်တို့က ပွဲဦးထွက်ဂိုးများ သွင်းယူပေးခဲ့ကြသည်။



ငွေကြယ် - ရေးသားသည်



# ဘိုင်ယန်မြူးနစ်အသင်း ဘွန်ဒက်လီဂါအမှတ်ပေးဇယားတွင် ၁၈ မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ်(၂၁)အဖြစ် မိန့်ဇ်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၃၃ မိနစ်တွင် သွင်းယူခဲ့သည့် ရီဘာရီ၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၄၄ မိနစ်တွင် ရရှိခဲ့သည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ သွင်းဂိုးတို့ဖြင့် မိန့်ဇ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘွန်ဒက်လီဂါ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ၂၁ ပွဲ ကစားအပြီးတွင် ရမှတ် ၅၃ မှတ်အထိရရှိခဲ့ကာ အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ လေဗာကူဆင်အသင်းကို ရမှတ် ၁၈ မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အမှတ်ပေးဇယား ဒုတိယနေရာက လေဗာကူဆင်အသင်းသည် ဖရိုင်းဘတ်အသင်း၏ အိမ်ကွင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ရမှတ်တစ်မှတ်သာ ရယူနိုင်ခဲ့ပြီး အဆင့်(၅၊ ၆)တို့တွင် ရပ်တည်လျက်ရှိသည့်အသင်းများနှင့်ပင် ရမှတ်ကွာဟမှုကျဉ်းမြောင်းသွားခဲ့ရသည်။ လိဇစ်အသင်းမှာမူ မိုချန်ဂလာဘတ်၏ အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် သုံးမှတ်အပြည့်ရယူနိုင်ခဲ့ကာ အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၄) နေရာတွင် ဒေါ့မွန်အသင်းက ရပ်တည်လျက်ရှိသည်။

# ထိပ်တန်းနေရာသို့ ချယ်လ်ဆီး ပြန်ရောက်ရေးအတွက် ပေါင် သန်း ၂၅၀ သုံးစွဲခွင့်ကို ကွန်တီ တောင်းဆို

နည်းပြ ကွန်တီက ချယ်လ်ဆီးအသင်းအနေဖြင့် ထိပ်တန်းနေရာသို့ ပြန်လည်ရောက်ရှိရေး ကမ္ဘာ့အဆင့် ကစားသမားသုံးဦးကို ခေါ်ယူရန်အတွက် ပေါင်သန်း ၂၅၀ကျော် သုံးစွဲခွင့်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။ ကွန်တီသည် ယခုနှစ်ဘောလုံးရာသီတွင် ယမန်နှစ် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းလူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ်ခဲ့ရာ ချယ်လ်ဆီးအသင်း တည်ငြိမ်မှု အနည်းငယ်လျော့နည်းကာ ရလဒ်ပိုင်းပါ ထိုးဆင်းခဲ့ရသည်။

ယင်းသို့သော အကြောင်းတရားကြောင့် ကွန်တီက ချယ်လ်ဆီးအသင်း ပြိုင်ပွဲအရပ်ရပ်တွင် ယခင်ကလို အင်ပြည့်အားပြည့် ယှဉ်ပြိုင်နိုင်ရေးအတွက် ငွေသုံးကြမ်းရန် တောင်းဆိုလာခြင်းဖြစ်သည်။ ကွန်တီက နွေစျေးကွက်အတွင်း လီမာ(ပေါင် သန်း ၉၀)၊ ဂရစ်ဇ်မန်း (ပေါင် ၉၅ သန်း)၊ အယ်ဒါဝီယက်(ပေါင် ၅၆ သန်း)တို့လို ကမ္ဘာ့အဆင့် ကစားသမားသုံးဦးကို ခေါ်ယူရေးအတွက် ပေါင်သန်း ၂၅၀ ( ပေါင် ဘီလီယံလေးပုံတစ်ပုံ)အထိ သုံးစွဲရန် ကြံရွယ်လာခြင်းဖြစ်သည်။

ကွန်တီသည် အီတလီနည်းပြနေရာအတွက် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီးနောက် "ကျွန်တော်တို့ဟာ ကိုယ် ဘယ်အဆင့်မှာ ရှိနေသလဲဆိုတဲ့ ပကတိအခြေအနေကို သိကို သိရပါမယ်၊ ခုဆို ချန်ပီယံလိဂ်နေရာအတွက်တောင် ရုန်းကန်နေရပါတယ်၊ အနာဂတ်မှာ ဖြစ်နိုင်မယ်ဆို ကစားသမား နှစ်ဦးသုံးဦးလောက်ကို ဝယ်ယူရပါမယ်၊ ရှစ်ယောက်လောက် မဟုတ်ပါဘူး၊ ကျွန်တော်တို့ပြီးခဲ့တဲ့ နွေစျေးကွက်က ကစားသမားရှစ်ဦးကို ဝယ်ယူခဲ့ပေမယ့် သူတို့အားလုံးရဲ့ တန်ဖိုးဟာ အခြားအသင်းတွေက ကစားသမားသုံးဦးလောက်အတွက် သုံးခဲ့တဲ့ အသုံးစရိတ်တောင် မရှိခဲ့ဘူး" ဟု ကွန်တီက ထောက်ပြခဲ့သည်။

ချယ်လ်ဆီးသည် နွေစျေးကွက်အတွင်း မာတစ်၊ တယ်ရီတို့ကို အသင်းမှ ထွက်ခွာခွင့်ပေးခဲ့ပြီး ကစားသမားရှစ်ဦးကို ပြန်လည်ခေါ်ယူခဲ့သော်လည်း ကစားသမား အပြောင်းအလဲများလွန်းမှုကြောင့် ရလဒ်ပိုင်း အတက်အကျ များလွန်းခဲ့သည်။ ကွန်တီက "ကျွန်တော်တို့အနေနဲ့ အရေးကြီးတဲ့အရာကို မဖြစ်မနေတည်ဆောက်ဖို့ လိုအပ်ပါတယ်၊ ဒီလို လုပ်ဖို့ဆိုရင် ကစားသမား ၁၅ ဦး ၁၆ ဦးလောက် ရှိရပါမယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။



ယခုနှစ် ဇန်နဝါရီစျေးကွက်အတွင်း ချယ်လ်ဆီး၏ ပရီမီယာလိဂ်အင်အားကြီး ပြိုင်ဘက်အသင်းကြီးများဖြစ်သည့် မန်စီးတီး၊ မန်ယူ၊ လီဗာပူးနှင့် အာဆင်နယ်တို့ငွေသုံးကြမ်းခဲ့ချိန်တွင် ချယ်လ်ဆီးအသင်းလည်း ယခုထက်ငွေကြေးပိုသုံးရန် ကွန်တီက မျှော်မှန်းနေခြင်းဖြစ်သည်။

အာဆင်နယ်က အူဘာမီယန်အတွက် ပေါင် ၅၆ သန်း၊ လီဗာပူးက ဗန်ဒစ်အတွက် ပေါင် ၇၅ သန်း၊ မန်စီးတီးက လာပေါ်တီအတွက် ပေါင် ၅၇ သန်း၊ မန်ယူက ဆန်းချက်ဇ်ကို တစ်ပတ်လုပ်ခ ပေါင် ၅၀၅၀၀၀ အထိ ပေးချေသုံးစွဲခေါ်ယူခဲ့သည်။ ချယ်လ်ဆီးသည်လည်း ဇန်နဝါရီ စျေးကွက်အတွင်း ဘာကလေ၊ ဂျရူးနှင့် ကယ်မီရီတို့ကို ခေါ်ယူခဲ့သော်လည်း ကွန်တီက အရေးအတွက်ထက် အရည်အချင်းကသာ ပိုအရေးကြီးပြီး လာမည့်နွေစျေးကွက်အတွင်း ထိပ်တန်းကစားသမား သုံးဦးအတွက် ပေါင်သန်း ၂၅၀ အထိ အသုံးပြုသွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

မေလှဲ့သင်း - ရေးသားသည်

## ရီးယဲလ်နှင့် ပီအက်စ်ဂျီတို့ ကစားမည့် ချန်ပီယံလိဂ်ပွဲလက်မှတ် ပေါင် ၂၀၀၀၀ အထိ ဈေးပေါက်နေ

ရီးယဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်လက်မှတ်များကို မူလတန်ဖိုးထက် အဆ ၃၀၀ ကျော် ပေါင် ၂၀၀၀၀ အထိ စျေးခေါ်ကာ အွန်လိုင်းပေါ်တွင် ရောင်းချနေကြောင်း သိရသည်။ အဆိုပါပွဲစဉ်မှာ ရီးယဲလ်နည်းပြ ဇီနက်ဒင် ဇီးဒန်း၏ ကစားသမားဘဝကို အဆုံးအဖြတ်ပေးနိုင်သည့် ပွဲဖြစ်လာမည်ဖြစ်ကာ ပရိသတ်စိတ်ဝင်စားမှုအများဆုံးရရှိနေသည့် ချန်ပီယံလိဂ်ပွဲစဉ်လည်း ဖြစ်သည်။

မူလလက်မှတ်ဈေးနှုန်းမှာ ပေါင် ၆၆ မှ ပေါင် ၂၄၂ ကြားသာ တန်ဖိုးရှိသော်လည်း အွန်လိုင်းပေါက်ဈေးမှာ မူလတန်ဖိုးထက် ၃၀၃ ဆအထိ မြင့်မားနေခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်လက်မှတ်များကို စတင်ရောင်းချခဲ့ရာ တစ်နာရီမပြည့်မီမှာပင် အကုန်အစင်ကုန်သွားခဲ့ကြောင်း မာကာသတင်းစာက ဖော်ပြခဲ့သည်။ ယင်းသို့ မှောင်ခိုဈေးကွက် ဖြစ်ထွန်းနေမှုကို တားဆီးနိုင်ရန်အတွက် ပြန်လည်ရောင်းချမည်ဖြစ်ပြီး မိမိတို့မိုဘိုင်းဖုန်းများမှတစ်ဆင့် ဒေါင်းလုဒ်ရယူထားသည့် လက်မှတ်များကသာ အတည်ဖြစ်ကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ရက်တွင် ရီးယဲလ်၏ အိမ်ကွင်း ဘာနေဗျူးတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ကို မတ် ၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

### ဖေဖော်ဝါရီ ၄ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၂၆**

| | | |
|---|---|---|
| ပဲလေ့စ် | ၁ - ၁ | နယူးကာဆယ် |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂၄**

| | | |
|---|---|---|
| ရန်းနက် | ၀ - ၁ | ဂူအင်ဂမ့် |

**အီတလီစီးရီးအေ ပွဲစဉ် - ၂၃**

| | | |
|---|---|---|
| ဂျူဗင်တပ် | ၇ - ၀ | ဆာဆူအိုလို |
| အတ္တလန္တာ | ၁ - ၀ | ချီယေဗို |
| ကယ်ဂလီယာရီ | ၂ - ၀ | SPAL |
| ဘိုလော့နာ | ၁ - ၂ | ဖီအိုရင်တီးနား |
| အူဒီးနီးစ် | ၁ - ၁ | အေစီမီလန် |
| ဗီရိုနာ | ၀ - ၁ | ရိုးမား |

**စပိန်လာလီဂါ ပွဲစဉ် - ၂၂**

| | | |
|---|---|---|
| ဂီတာဖေး | ၀ - ၀ | လီဂါနက်စ် |
| လီဗန်တေး | ၂ - ၂ | ရီးယဲလ် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၁**

| | | |
|---|---|---|
| အော့စ်ဘတ် | ၃ - ၀ | ဖရန့်ဖတ် |

ခိုင်ဝင်း

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာ ဒေါ်နှင်းနှင်းအေး၊ ပါမောက္ခ(ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**မင်္ဂလာပါတပည့်တို့။ ဒီကနေ့ ဆွေးနွေးမှာကတော့ ၂၀၁၈ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဌာန်းစာအုပ်ပါအကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။**

ပထမဦးစွာ ဓာတုဗေဒ မေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် ၁ မှ နံပါတ် ၄ အထိ တစ်မှတ်တန်မေးခွန်း ခုနစ်ပုဒ်စီ အသီးသီး မေးထားပါတယ်။ နံပါတ် ၅ မှာ ၁ မှတ်တန် Definition ရှစ်ပုဒ် မေးထားတဲ့အတွက် စုစုပေါင်း ၃၆ မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ နှစ်မှတ်တန် မေးခွန်း ခြောက်ပုဒ်ကို နံပါတ် ၆ မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ် ၇ မှာတော့ Medium question ဖြစ်တဲ့ လေးမှတ်တန် မေးခွန်း ရှစ်ပုဒ် မေးပြီး ငါးပုဒ်၊ နံပါတ် ၈ မှာတော့ ရှစ်မှတ်တန် ရှစ်ပုဒ်မေးပြီး လေးပုဒ် ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း ၁၀၈ မှတ်ထဲက ၆၄ မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ် ၁၀၀ ဖိုး ဖြေဆိုရပါမယ်။

ပထမဦးစွာ မေးခွန်းနံပါတ် ၁ မှ ၅ အတွက် ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့် အချက်တွေကို ရှင်းပြပါမယ်။

မေးခွန်း ၁ အမှား အမှန်ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့ မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ စာကြောင်းရဲ့အစ ဖြစ်ရင်တော့ capital letter နဲ့ ဖြေရပါမယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂)ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။

မေးခွန်း (၄) ယှဉ်တွဲခြင်းမေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများ အားလုံး အပြည့်အစုံဖော်ပြ ဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

မေးခွန်းနံပါတ် ၁ မှ ၄ အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရလိုရင်တော့ ဖတ်စာအုပ် တစ်အုပ်လုံးကို နှံ့နှံ့စပ်စပ် သိရှိလေ့လာထားရပါမယ်။

မေးခွန်း ၅ ရဲ့ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်း အရာချင်းတူနေလျှင်ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။

Section-B မှာပါတဲ့ မေးခွန်း ၆ မှ ၈ အထိ မေးခွန်းတွေမှာ definition, explanation, calculation, description, problem solving, discussion, balancing the equation and completion of the chemical reaction တွေနဲ့ပတ်သက်တဲ့ မေးခွန်းမျိုးတွေပါပါတယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် နှစ်မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p,ē, n အရေအတွက်ကို တွက်ချက်မှု၊ ပါဝင်တဲ့ ē တွေရဲ့ တည်ဆောက်ပုံ၊ Electronic structures, Complete electronic structures နဲ့Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic table ရှိ တည်နေရာများအပြင် ဒီဒြပ်စင်ရဲ့ valency, အမျိုးအစားတွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်း ပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာမယ့် ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ octet rule ကိုလိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ ဒြပ်ပေါင်းတွေလည်း ရှိတယ်ဆိုတာ သိထားရမယ်။ နောက်ပြီးတော့ Ionic compounds နဲ့Covalent compounds တွေရဲ့ခြားနားချက်တွေကိုလည်း သိထားရမယ်။

ဥပမာ- $_{13}Al$ ရဲ့Electronic structure ဆိုရင် 2.8.3 (သို့) $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^1$ လို့ ရေးနိုင်တယ်။ Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^1$ လို့ sub-shell တွေနဲ့အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $3s^2\ 3p^1$ ကိုပဲ ရေးရမယ်။ position ဆိုရင် Period 3, Group IIIB ဖြစ်ပြီး Valency 3 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ ဘယ်ဘက်ကပ်လျက်ရှိနေပေမယ့် metal ဖြစ်တယ်။ ဒီဒြပ်စင် Al ကို F & Cl နဲ့ပေါင်းတဲ့အခါ ionic bond ဖြစ်နိုင်သလို covalent bond လည်းဖြစ်နိုင်တယ်။ ပေါင်းစပ်တဲ့ ဒြပ်စင်နှစ်ခုရဲ့ ဓာတ်မဆွဲအား ခြားနားခြင်းအပေါ် မူတည်ပါတယ်။ $AlF_3$ ဟာ ionic compound ဖြစ်ပြီး AlCl3 ဟာ covalent compound ဖြစ်တယ်။ $AlCl_3$ ဟာ electron deficient compound ဖြစ်ပြီး ယင်းတို့ရဲ့ ē dot-cross structure ကိုလည်း ရေးတတ်ရမယ်။

Al ဟာ dark line ရဲ့ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်၊ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non metal ပေါင်းရင် covalent bond ဖြစ်တယ်။ ဒ့ါအပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့non-metal Cl ပေါင်းရင်လည်း covalent bond ပဲဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ- $AlF_3$ မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအား ခြားနားမှုဟာ ၁.၅ ထက်ကြီးပြီး Al နဲ့Cl ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ ၁.၅ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ခြားနားချက်တွေကိုလည်း သိထားရမယ်။

Molecule တစ်ခုထဲရှိ atom ပေါ်မှာ lone pair ē ရှိပြီး ဒီပစ္စည်းက ē deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ- ammonia ရဲ့ nitrogen atom မှာ lone pair ē ရှိပြီး $BF_3$ ရဲ့ B atom မှာ e ရှစ်လုံးပြည့်ဖို့ နှစ်လုံးလိုနေတာကြောင့် ယင်းဒြပ်ပေါင်း နှစ်ခု ပေါင်းစပ်ရင် nitrogen က lone pair e စုံကို ပေးပြီး အဲဒီ e စုံကို N နဲ့B တို့ဟာ ဖက်စပ်သုံးစွဲခြင်းအားဖြင့် co-ordinate bond ဖြစ်လာတယ်။ အဲဒီ co-ordinate bond ဟာ special type of covalent bond ဖြစ်ပြီး dative bond လို့လည်း ခေါ်တယ်။

Periodic table ရဲ့ group နဲ့period အလိုက် periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electropositivity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ atom တွေရဲ့ size ဟာ အုပ်စုတစ်ခုထဲမှာ အပေါ်မှ အောက်ကိုသွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုထဲမှာတော့ ဘယ်ဘက်မှ ညာဘက်သို့သွားရင် အရွယ်ငယ်သွားတာကို တွေ့ရမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရတယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity ကတော့ တိုးလာပါတယ်။

ဒါပေမဲ့ ခြွင်းချက်တွေတော့ရှိတယ်။ period number 2 ထဲမှာ Be ရဲ့ ionization energy က B ထက်လည်းကောင်း၊ N ရဲ့ ionization energy ဟာ O ထက်လည်းကောင်း များနေရခြင်းကတော့ Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ပြီးတော့ Group VII B, halogens တွေထဲမှာ F ရဲ့ electron affinity က Cl ထက်ငယ်နေတဲ့ အကြောင်းကတော့ F atom ဟာ အလွန်သေးငယ်တဲ့အတွက် ဝင်လာတဲ့ electron ကို F atom မှာ ရှိပြီးသား electron ကိုးလုံးက ပြင်းထန်စွာ တွန်းကန်ကြတဲ့ F atom ရဲ့ anomalous behaviour ကြောင့် ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့အများဆုံး အုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့အများဆုံးအုပ်စုလည်း ရှိပါတယ်။ Group I A (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာ ဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာ ထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံး ထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy ကနည်းသွားရခြင်း ဖြစ်ပါတယ်။ Group 0 (noble gases) က element တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံး electron တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ Group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ electron ခုနစ်လုံး ရှိကြပါတယ်။ နောက်ထပ် electron တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ တည်ဆောက်ပုံဖြစ်သွားကြလို့ electron ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

အခန်း (၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့နိယာမများကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/ equation, constant terms, measurable quantities နဲ့ units တွေပါ သိထားဖို့လိုအပ်ပါတယ်။ Gas law နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation နဲ့ unit များကို မှန်ကန်စွာရေးတတ်ဖို့လိုပါတယ်။ unit များ မလိုအပ်ပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ mathematical expression နဲ့ mathematical equation မတူတာ သေချာစွာသိထားဖို့လိုပါတယ်။

ဒီအခန်းမှာ ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of $H_2$ ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of $H_2$ ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ်ဆိုတာ သိရမယ်။

Chapter (3) Stoichiometry ကတော့ law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ်အခြေခံပြီး ဓာတ်ပြုခြင်း တစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏ၊ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition, molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်တတ်ရပါမယ်။ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းက ဖြစ်ပေါ်လာတဲ့ ဓာတ်ပစ္စည်းပမာဏဟာ limiting substance ပေါ် မူတည်နေပါတယ်။

Volumetric analysis ကတော့ ထုထည်တိုင်းဓာတ်ခွဲခြင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ Burette, Pipette, Conical flask, titration, standardization, molarity, molar solution, equivalence point နဲ့end point အစရှိတဲ့ အသုံးအနှုန်းတွေကို သိရှိထားရပါမယ်။ ပျော်ရည်များကို အသုံးပြုပြီး titration ပြုလုပ်ခြင်းဖြင့် ရရှိလာတဲ့ အဖြေပေါ်မူတည်ပြီး ဓာတ်ပြုညီမျှခြင်းအရ ယင်းပျော်ရည်များရဲ့ ပြင်းအား (molarity) တွက်ချက်ခြင်းတွေ၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်) ဖျော်ယူခြင်း၊ စံပျော်ရည်များ အသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ပြရင် ထုထည်ကို $dm^3$ နဲ့ထားရပြီး millimole နဲ့ပြရင်တော့ Volume ကို $cm^3$ နဲ့ရေးရမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှု $M_1V_1 = M_2V_2$ နဲ့ တွက်လို့ရပါမယ်။ titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင်ရေးနိုင်ဖို့ အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညှိတာ မညီခဲ့ရင် mole ratio မှားပြီး ပုစ္ဆာတစ်ပုဒ်လုံး မှားသွားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာရေးပြီးမှ တွက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့ အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ Insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည် သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ အခဲအခြေအနေဖြစ်စေ၊ အရည်အခြေအနေဖြစ်စေ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေ ရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ဘူး။ ဥပမာ- သစ်သား၊ စက္ကူ၊ ရော်ဘာ၊ ပလတ်စတစ်၊ ပိတ်စတွေပေါ့။ electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး အခဲရည်ပျော် (သို့) ဖျော်ထားသော ပျော်ရည်မှာ ion တွေ ရွေ့လျားလို့ လျှပ်ကူးနိုင်တယ်။ ဥပမာ- NaCl အခဲရည်ပျော်နဲ့ NaCl ရေပျော်ရည်တွေဖြစ်တယ်။ Non-electrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေမပါလို့လျှပ်မကူးနိုင်ဘူး။ ဥပမာ- သကြားပျော်ရည်၊ ယူရီးယားပျော်ရည်တွေပေါ့။ နောက်တစ်ချက် သိထားရမှာကတော့ electron flow နဲ့ current flow တွေရဲ့လားရာဟာ ပြောင်းပြန်ဖြစ်တယ်။ electron flow ရဲ့လားရာက ဓာတ်မတိုင်မှ ဓာတ်ဖိုတိုင်သို့ စီးသွားမှာဖြစ်ပြီး current flow ကတော့ ဓာတ်ဖိုတိုင်မှ ဓာတ်မတိုင်သို့ ဦးတည်စီးသွားမှာဖြစ်တယ်။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်) နဲ့aqueous salt (ဆားပျော်ရည်) ဘယ်လို ကွာခြားသလဲ၊ ဘယ်လိုရလာသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ Cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt မှာတော့ အဲဒီ ion များအပြင် ရေမှထွက်လာတဲ့ $H^+$ နဲ့ $OH^-$ ions တွေ ပါလာမှာဖြစ်လို့ electrode reaction ရေးရင် ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့အုပ်စုများရဲ့ တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့သဘာဝ စတဲ့အချက်များက လွှမ်းမိုးနေကြောင်း သိထားရမယ်။

ဒါမှ Cathode နဲ့anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက Cathode မှထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ- fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ $Na^+$ နဲ့ $Cl^-$ ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ $Na^+$ ကပ်တင်ပြီး anode မှ $Cl_2$ gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ $Na^+$, $Cl^-$ အပြင် $H^+$, $OH^-$ တို့ကိုပါ စဉ်းစားရမယ်။ electrochemical series ရဲ့ position အောက်ဘက်ရောက်ရင် discharge ဖြစ်လွယ်လို့ $H_2$ နဲ့ $O_2$ gas တွေထွက်မယ်။ Moderately concentrated NaCl solution ကြောင့် Anode မှာ $O_2$ မထွက်ဘဲ $Cl_2$ ထွက်မယ်။ Brine ကို

**စာမျက်နှာ ၁၆ သို့ »»»**

○ စာမျက်နှာ ၁၆ မှ

[OH-] ရှာတဲ့ ပုစ္ဆာတွက်တွေ ကိုလည်း mathematical formula တွေမှန်ကန်စွာ ရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံ၊ isomer တွေရဲ့ တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ရဲ့ trivial နဲ့ IUPAC system ဖြင့် အမည်ပေးပုံ၊ H/C ဒြပ်ပေါင်းတွေရဲ့ ဓာတ်ခွဲ ခန်းထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ဂုဏ်သတ္တိတွေကို လေ့လာထားရမယ်။ ယင်း ဒြပ်ပေါင်းများရဲ့ ထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိ ဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်း၊ ဉာဏ်စမ်းပုစ္ဆာ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်းခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့ အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ် သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံထည့်ရေးပေးဖို့ လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံတွေ၊ renewable energy များရစေနိုင်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့်ရလာတဲ့ H/Cs တွေနဲ့ယင်းတို့ရဲ့အသုံးဝင်ပုံ၊ kerosence, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline အဖြစ်ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့လိုပါတယ်။ ဒ့ါအပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှ ရနိုင်တဲ့ chemicals တွေအကြောင်း၊ အဲဒီ Chemical တွေရဲ့အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေ ကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေ အသက်ရှင်နေနိုင်ဖို့ လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာ ပါဝင်တဲ့ ဆားများနဲ့ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒ့ါအပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (သို့) addition polymer ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (သို့) condensation polymer ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံ၊ addition နဲ့ condensation polymer တွေရဲ့ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေအပြင် Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ ဒ့ါအပြင် ဆပ်ပြာချက်ခြင်း၊ soapless detergent နဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်းသတ္တိတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။

**အကြံပြုချက်**

အခု chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့ အနေနဲ့ဘယ်လိုလေ့လာ ကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ အပုဒ်တိုင်းရဲ့သက်ဆိုင်ရာ မေးခွန်းပုစ္ဆာ နံပါတ်ကို ဖော်ပြရေးသားပေးဖို့သတိပြုရပါမယ်။ အထူး သတိပြုရမယ့် အချက်ကတော့ မေးခွန်းနံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့ အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့ လိုပါတယ်။

ကျောင်းသား/ကျောင်းသူများအနေနဲ့ ဆရာ၊ ဆရာမများရဲ့သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၈ ခုနှစ် မတ်လမှာ ဖြေဆိုရမယ့် ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

# ကလေးမြို့တွင် ရိုက်နှက်လုယက်မှုများ ဖြစ်ပွားနေခြင်းကြောင့် လုံခြုံရေးအတွက်လူငယ် ၁၀၀ ကျော် ညဘက်တွင် ကင်းလှည့်

**ကလေး ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်တွင် ဇန်နဝါရီလဆန်းပိုင်းက ဆိုင်ကယ်စီးသွားလာသူများနှင့် လမ်းလျှောက်သွားလာနေသူများကို ရိုက်နှက်၍လုယက်မှုများ မကြာခဏဖြစ်ပွားကာ အချို့ပြင်းထန်ဒဏ်ရာများရရှိပြီး သေဆုံးသူများပင်ရှိလာသဖြင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် ဇိုမီးလူငယ်လူမှုကူညီရေးအသင်း(Zomi Youth Association-ZYA)မှ လူငယ်အင်အား ၁၀၀ ကျော်တို့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ညဘက်တွင် ကင်းလှည့်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း ကလေးမြို့အခြေစိုက် ဇိုမီးလူငယ်လူမှုကူညီရေးအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သိရသည်။

ကလေးမြို့ ပင်လုံရပ်ကွက်တွင် ဇန်နဝါရီ ၁၄ ရက်က လမ်းလျှောက်ရင်း တယ်လီဖုန်းစကားပြောနေစဉ် ရိုက်နှက်၍ ဖုန်းလုယူမှုဖြစ်ပွားခဲ့ရာ အရိုက်ခံရသူမှာ ဇန်နဝါရီ ၂၂ ရက်တွင် သေဆုံးသွားကြောင်း၊ ယင်းအပြင် အခြားရပ်ကွက်များ၌လည်း ဆိုင်ကယ်စီးနေသူတချို့ကို တွန်းလှဲ၍ ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ ပစ္စည်းလုယူမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဇိုမီးလူငယ်လူမှုကူညီရေးအသင်းမှ ရရှိထားသည့် စာရင်းအရ ဇန်နဝါရီလအတွင်း ယင်းကဲ့သို့ ညအချိန် အုပ်စုဖွဲ့၍ လူကိုရိုက်ခြင်းနှင့် ပစ္စည်းလုယက်ခြင်းဖြစ်စဉ်မျိုး သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး ပြင်းထန်ဒဏ်ရာရမှုကြောင့် ပြည်သူ့ဆေးရုံတွင် အရေးပေါ် ဆေးကုသခံယူမှုများရှိခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍အမှုမှန်ပေါ်ပေါက်နိုင်ရေး၊ တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် လမ်းပေါ်သောက်စားမူးယစ်ကင်းရှင်းရေးအတွက် ပြည်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ အတူလက်တွဲပူးပေါင်းကာ အဓိကဆောင်ရွက်ခြင်းဖြစ်ကြောင်း ဇိုမီးလူငယ်လူမှုကူညီရေးအသင်းမှ တာဝန်ခံကြီးကြပ်ရေးမှူး ဦးအင်ခန့်ဂိုက ပြောသည်။



"ရဲနဲ့ ပြည်သူတွေ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နေမယ်ဆိုရင်တော့ ဖြစ်ပွားပြီးတဲ့ကိစ္စက ဒုစရိုက်သားတွေကို မဖမ်းမိသည့်တိုင်အောင် နောက်ထပ်ဖြစ်ပွားမှုကတော့ လျော့နည်းမယ်လို့ထင်ပါတယ်၊ ဒုစရိုက်တားဆီးနိုင်ဖို့နဲ့ တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ အများပြည်သူ သွားလာလှုပ်ရှားတဲ့ ကားကြီးဝင်း၊ ကားလေးဝင်းစတဲ့ အထင်ကရနေရာတွေကိုလည်း ကင်းလှည့်စစ်ဆေးပေးတဲ့အတွက် နယ်မြေလုံခြုံစိတ်ချရလို့ အလွန်ဝမ်းသာမိပါတယ်"ဟု ဒေသခံ မြို့မိမြို့ဖတစ်ဦးက ပြောသည်။

ကင်းလှည့်ခြင်းကို ဇန်နဝါရီ ၂၈ ရက်နေ့ညမှစတင်ကာ ကလေးမြို့ပေါ်ရှိ ပင်လုံ၊ ချမ်းမြေ့အောင်စည်၊ သဇင်၊ တပ်ဦးသိတာ၊ တာဟန်း၊ တောင်ဖီလာ စသည့်ရပ်ကွက်များတွင် အဖွဲ့များခွဲကာ ၁၅ ဦး မှ ၂၀ ဝန်းကျင်စီပါဝင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် လူငယ်အဖွဲ့များ လုံခြုံရေးကင်းလှည့်နေခြင်းဖြစ်ရာ စတင်ကင်းလှည့်ခဲ့သည့်ည၌ပင် အမျိုးသမီးတစ်ဦးက ရပ်ထားသည့်ကားကို ဆိုင်ကယ်ဖြင့်ဝင်တိုက်မိရာမှ သတိလစ်မေ့မြောသွားသည်ကို တွေ့ရှိသဖြင့် ဆေးရုံသို့ပို့ဆောင်ပေးနိုင်ခဲ့ခြင်း၊ စမ်းမြို့ရပ်ကွက်တွင် အုပ်စုလိုက်ရန်ဖြစ်နေသူလေးဦးတို့ကို ရဲစခန်းသို့အပ်နှံနိုင်ခဲ့ခြင်းနှင့် ကလေးမြို့နယ် ဥပဒေရုံးရှေ့တွင် အော်ဟစ်ဆူပူနေကြသည့် လူငယ်ငါးဦးတို့ကိုလည်း အိမ်ပြန်ခိုင်းစေခြင်း စသည့် လှုပ်ရှားမှုများ ပြုလုပ်နိုင်ခဲ့သည်။

"ဒုစရိုက်မှုတွေကျဆင်းအောင် နယ်ထိန်း တပ်ဖွဲ့ဝင်တွေကလည်း အရပ်ဝတ်နဲ့ သတင်းယူစောင့်ကြည့်တာ၊ နေ့ရော၊ ညပါ လှည့်ကင်းပတ်တာတွေ လုပ်ဆောင်နေပါတယ်၊ အရပ်သားတွေပဲဆောင်ရွက်ရင်တော့ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်သွားနိုင်တယ်၊ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တာဆိုတော့ အလွန်ကောင်းတာပေ့ါ၊ အားလုံးက တက်တက်ကြွကြွနဲ့ လုပ်ကြတယ်ဆိုတော့ ရဲတပ်ဖွဲ့တွေနဲ့ ပေါင်းပြီးဆောင်ရွက်ပေးလိုက်တာဖြစ်တယ်၊ ဆိုင်ကယ်နဲ့ သွားလာနေသူရော၊ လမ်းလျှောက်သွားလာနေသူတွေပါ သတိဝီရိယရှိရှိ သတိပြုသွားလာမောင်းနှင်ကြဖို့ လိုပါမယ်" ဟု ကလေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဗိုလ်ဗိုလ်ဝင်းထွန်းက ပြောသည်။

ယခုကဲ့သို့ လုယက်မှုများဖြစ်ပေါ်နေခြင်းမှာ လူငယ်များအကြား တားမြစ်ဆေးဝါးသုံးစွဲသူများနှင့် သောက်စားမူးယစ်သူများပြားလာခြင်း၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ပိုက်ဆံအိတ်၊ ငွေနှင့် ပစ္စည်းများကို ဆိုင်ကယ်ရှေ့ခြင်းနှင့် ဆိုင်ကယ် Tool Box အတွင်း လွယ်လင့်တကူထည့်ထားခြင်းနှင့် ညပိုင်းလူပြတ်သည့်နေရာများတွင် ဆိုင်ကယ်ရပ်နား၍ဖြစ်စေ၊ လမ်းလျှောက်၍ဖြစ်စေ ဖုန်းအာရုံစိုက်၍ စကားပြောနေခြင်းတို့ကြောင့် ယခုကဲ့သို့ လုယက်ခံရမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများက သုံးသပ်ပြောဆိုသည်။

ZYA လူမှုကူညီရေးအသင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အရေးပေါ်လူနာများအတွက် သွေးလှူဒါန်းခြင်း၊ အောက်ဆီဂျင်ဘူး ငှားရမ်းအသုံးပြုစေခြင်း၊ လူနာများအား နာရေးကူညီမှုယာဉ်ဖြင့် ဆေးရုံသို့တင်ပို့ပေးခြင်း၊ သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းနှင့် ကူညီထောက်ပံ့ပေးခြင်း၊ နာရေးကိစ္စများတွင် ပိုင်ရှင်မဲ့အလောင်းများအား ကူညီဖေးမပေးခြင်း၊ လူပျောက်သူများအား ကြော်ငြာ၍ ရှာဖွေကူညီပေးခြင်း၊ အားကစားမြှင့်တင်ရေးအတွက် ဇိုမီးလူငယ်ဘောလုံး(ZOFA)အသင်းဖွဲ့စည်းပေးခြင်း စသည့်ပရဟိတလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ တရားဝင်မှတ်ပုံတင်ခွင့်ပြုချက်ရရှိထားသော လူမှုကူညီရေးအသင်းအဖွဲ့တစ်ခုဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

# ကျောင်းသား ကျောင်းသူများအား နွားနို့၊ ကြက်ဥအာဟာရနှင့် စာရေးကိရိယာများ လှူဒါန်း

**ရေတာရှည် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မဝါလေး အသေးစား ကြက်မွေးမြူရေးခြံလုပ်ငန်းက ဆင်ငွေကျေးရွာအုပ်စု ပိတောက်စမ်းကျေးရွာ မူလတန်းလွန်ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၀၂ ဦးတို့အား နွားနို့၊ ကြက်ဥ အာဟာရများနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ မြို့နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ အက်စတာတို့က နွားနို့နှင့် ကြက်ဥအာဟာရများ တိုက်ကျွေးရခြင်းကြောင့် ကလေးများ ကျန်းမာသန်စွမ်းကာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်နိုင်သည့် အထောက်အပံ့များကို ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား နွားနို့တစ်ခွက်၊ ကြက်ဥနှစ်လုံးစီ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့သည်။

"ကျွန်မတို့က ဒီအရပ်ဒေသမှာ စီးပွားရေးလာလုပ်တာဆိုတော့ ကိုယ်တတ်နိုင်တဲ့ဘက်က အကူအညီပေးချင်တယ်၊ ဒါနဲ့ ဒေါက်တာ ကြည်လင်ကလည်း ကလေးတွေကို အာဟာရရှိတာလေးတွေ တိုက်ကျွေးရင်ကောင်းမယ်လို့ပြောတာနဲ့ အခုလိုလှူဖြစ်သွားတာပါ၊ ကလေးတွေ စားသောက်နေတာကြည့်ပြီး ပီတိဖြစ်မိတယ်"ဟု အလှူရှင် မဝါလေးက ပြောသည်။ **ကိုလွင်(ဆွာ)**





# ကုန်တင်ကုန်ချစခန်းဆောင်ရွက်မည့် မြေနေရာနှင့် မြို့တွင်းတည်ဆောက်ရေး လုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ်စစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်းသို့ တန်ပိုယာဉ်များဖြတ်သန်းသွားလာမှုကြောင့် မြို့ပေါ်လမ်းများ ပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် ကုန်စည်စီးဆင်းမှုနှင့် အဝေးပြေးယာဉ်များ စနစ်တကျ ဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားကုန်တင်ကုန်ချစခန်းတည်ဆောက်ရေးနှင့် ပြည်နယ်မြို့တော်ဖြစ်သည်နှင့်အညီ ခေတ်မီပြီးစနစ်ကျသည့် အားကစားကွင်းဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လယ်ကုန်းရပ်ကွက်၊ ဇီးလွန်အထကကျောင်း၌ မီးလောင်ဆုံးရှုံးသွားသည့် ကျောင်းခန်းမ ပြန်လည်တည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရမ်ပူရပ်ကွက်အတွင်း စည်ပင်၊ ပြည်သူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၃၅၅၀ ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်နေမှု၊ မြို့သစ်ရပ်ကွက်၊ ဗိုလ်ချုပ်ပန်းခြံနှင့် စိမ်းမြရေပန်းခြံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ရက်ကန်းသင်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် တပ်ကုန်းရပ်ကွက်အတွင်း လမ်းကျော်၍ ရေဝပ်သည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် စီတာပူရပ်ကွက် ကွင်းအမှတ်(၁၂/၂-က/စီတာပူတောင်)ရှိ မြေဧက ၇ ဒသမ ၃၈၂ ဧကပေါ်တွင် မြစ်ကြီးနားကုန်တင်ကုန်ချစခန်း ဆောင်ရွက်ရန်လျာထားသည့် အဆိုပြုပုံစံများနှင့် ဗန်းမော်-ကန်ပိုက်တီ-ဝိုင်းမော်လမ်းကြောင်းနှင့် မန္တလေး-မိုးညှင်း-မိုးကောင်းလမ်းကြောင်းတို့မှ ကုန်တင်ယာဉ်များစခန်းသို့ ဝင်ရောက်မည့်လမ်းကြောင်းများနှင့် ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ကုန်စည်စီးဆင်းမှုအခြေအနေကိုစိစစ်တွက်ချက်၍ လမ်းကြောင်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ကုန်သည်များနှင့် ညှိနှိုင်းဆွေးနွေး၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားသည်။

ဆက်လက်၍ သီတာရပ်ကွက်ရှိ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်မြေနေရာ၌ မြေယာပိုင်ဆိုင်မှုအခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ခေတ်မီအားကစားကွင်းဖြစ်ပေါ်လာစေရေးနှင့် ပြိုင်ပွဲများကို တစ်နေရာတည်းတွင် တစ်ပြိုင်တည်းဆောင်ရွက်နိုင်သည့် ကွင်းတစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး၍ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## လူထုအခြေပြုစာပေစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပွင့်သာမြေစာပေချစ်သူများ (Book Club) အဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြု Community Centre ခန်းမ၌ မြန်မာစာပေအကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ စာပေစကားဝိုင်း ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေစကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာပေစကားဝိုင်း ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို တက်ရောက်လာသူများ သိရှိနားလည်စေရန် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ယင်းနောက် ဆရာကြီးဦးစောလွင် (စောထိပ်တင်) က မျိုးဆက်သစ်မောင်မယ်များ မြန်မာစာပေပညာနှင့် ပတ်သက်၍ အတုယူတတ်စေရန်နှင့် တန်ဖိုးထားထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ မြန်မာစာပေအကြောင်း တစေ့တစောင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီးဦးလှကို(မောင်နှင်းခိုင်- ပွင့်ဖြူ)က မြန်မာစာပေများ ရေးစပ်ပုံအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသော စာပေဝါသနာရှင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာပေစကားဝိုင်းဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်နှင့် ဝန်ထမ်းများ၊ ပွင့်ဖြူမြို့နယ် ပွင့်သာမြေ စာပေချစ်သူများ (Book Club) အဖွဲ့မှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များ ၊ မြို့နယ်တွင်းရှိ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





**ညောင်ဦး ဖေဖော်ဝါရီ ၄**
ပုဂံဒေသသို့ လာရောက်လည်ပတ်သူများထဲတွင် အမျိုးသမီးအများစုမှာ လက်ပန်းချီကို အမှတ်တရရေးဆွဲကြသည်။ လက်ပန်းချီရေးဆွဲသည့် ဆိုင်များသည် ဘုရားဖူးလာသူများ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ရုပ်သေးရုပ်ကလေးများကို ချိတ်ဆွဲကာ လှပအောင်ပြုလုပ်ထားပြီး လက်ပန်းချီရေးဆွဲပေးကြရာ ရေးဆွဲသူများသည့်အတွက် အလုပ်ဖြစ်ကြောင်း သိရသည်။

လက်ပန်းချီရေးဆွဲရာတွင် ရေဆေးကိုအသုံးပြုကာ ရေးဆွဲကြပြီး ပန်းချီဆေးရေထိခံစေရန် ကော်ရည်တစ်မျိုးကို လိမ်းခြယ်ပေးလိုက်ရုံဖြင့် ရေထိခံသည့် အနေအထားအထိရောက်ရှိသွားစေရန် ပြုလုပ်ပေးသည်။ ကော်ရည်မှာ သုံးမိနစ်အတွင်း ခြောက်သွားပြီး လက်ပန်းချီပုံတစ်ပုံလျှင် ငါးမိနစ်ခန့်သာရေးဆွဲရသည်။ လက်ပန်းချီမှာ ထိန်းသိမ်းမှုအလိုက် တာရှည်ခံမှုကွာခြားသည်။ မထိန်းသိမ်းတတ်ပါက နှစ်ရက်သုံးရက်သာခံပြီး ထိန်းသိမ်းတတ်ပါက လရှည်ကြာသည်အထိတည်ရှိကြောင်း သိရသည်။

လက်ပန်းချီရေးဆွဲရာတွင် ယွန်းပန်းချီကို အခြေခံသည့် ပုဂံကနုတ်များကို ရေးဆွဲကြပြီး ကောက်ကြောင်းများပါက ငွေကျပ် ၂၅၀၀ ယူပြီး ကောက်ကြောင်းနည်းပါက ငွေကျပ် ၂၀၀၀ ဖြင့် ရေးဆွဲပေးသည်။ လက်ရှိကာလ ပုဂံဒေသရောက် အမျိုးသမီးအများစု လက်ပန်းချီရေးဆွဲမှုများပြားလာကြောင်း သိရသည်။

**တိမ်တမန်**

## ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၅၀ ကျော်ပါဝင်သည့် ကုန်ပစ္စည်းများပြပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**
မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) နှင့် C&D Group of Co.,Ltd တို့ ကြီးမှူးကျင်းပသော လျှပ်စစ်၊ ဆောက်လုပ်ရေးနှင့် လူနေထိုင်မှုဆိုင်ရာပစ္စည်းများပြပွဲ Power,Electrical, Electronic & Security Expo ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ စက်ယန္တရားကြီးများ၏ လက်တွေ့အသုံးဝင်ပုံများ လေ့လာနိုင်ခြင်း၊ အိမ်သုံး၊မီးဖိုချောင်သုံး၊ စက်ရုံသုံး လျှပ်စစ်ပစ္စည်းများ၊ နိုင်ငံတကာမှ ထုတ်လုပ်သော အိမ်သုံး၊ စက်ရုံသုံး၊ စားသောက်ဆိုင်သုံးမီးစက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ လေအေးပေးစက်များ၊ လုံခြုံရေးဆိုင်ရာ ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်း ပြည်ပကုမ္ပဏီများက လာရောက်၍ ဈေးကွက်မိတ်ဆက် ရောင်းချလျက်ရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အရည်အသွေးမီ စပါးမျိုးကောင်းမျိုးသန့်၊ မျိုးစေ့ထုတ်နည်းပညာကို တောင်သူများအား သင်ကြားပေး

**ကောလင်း ဖေဖော်ဝါရီ ၄**
အရည်အသွေးပြည့်မီသော စပါး မျိုးကောင်းမျိုးသန့် ၊ မျိုးစေ့ထုတ်နည်းပညာသင်တန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး Kopia Project အစီအစဉ်နဲ့ ဆောင်ရွက်တဲ့ အရည်အသွေးပြည့်မီတဲ့ စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်တဲ့ နည်းပညာသင်တန်းဖွင့်တာပါ။ သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်က ၃ ရက်ထိ သုံးရက်ကြာ ဖွင့်တာပါ။ သင်တန်းကို ကျေးရွာ ၂၁ ရွာက စပါးစိုက်တဲ့ တောင်သူ ၅၈ ဦး တက်ရောက်ခဲ့ကြပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

တောင်သူများအနေဖြင့် အရည်အသွေးမီ စပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်ဝယ်ယူနိုင်စေရန်အပြင် မျိုးစေ့ထုတ်နည်းပညာအတိုင်း စနစ်တကျ စိုက်ပျိုးနိုင်ရန်အပြင် မျိုးကွဲနုတ်ပယ်ခြင်း ရိတ်သိမ်းချိန်လွန် နည်းစနစ်များကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် အရည်အသွေး မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးလေ့ရှိလာစေရန် တောင်သူများထံအရောက် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းလည်း သိရသည်။

သင်တန်းသို့ Koria Project စီမံကိန်း ဒါရိုက်တာ မစ္စတာကင်ဒေးဝုန်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ ဒုတိယတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးနှင့် တိုင်းဒေသကြီး ခရိုင်မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဆိတ်ခွန်ဒေသရှိ ချည်ထည်လုပ်ငန်းရှင်များ ရေရှည်ဈေးကွက်ထိခိုက်မည်ကိုစိုးရိမ်နေ

**ရွှေဘို ဖေဖော်ဝါရီ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆိတ်ခွန်ဒေသထွက် အမျိုးသား၊ အမျိုးသမီးဝတ် လုံချည်ထုတ်လုပ်ရောင်းချမှု ဈေးကွက်သည် အိန္ဒိယနိုင်ငံမှ တင်သွင်းသည့် ချည်ထည်ကုန်ကြမ်းဈေးနှုန်းများမြင့်တက်လာမှုနှင့် တရုတ်နိုင်ငံမှ ဈေးနှုန်းချိုသာပြီး ဒီဇိုင်းဆန်းသစ်သည့် အမျိုးသားဝတ်လုံချည်များ အစားထိုးဝင်ရောက်လာမှုများကြောင့် ဈေးကွက်ကို ထိခိုက်လာနိုင်ကြောင်း ဆိတ်ခွန်လုံချည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

"အခုလောလောဆယ်မှာတော့ မန္တလေးမှာဆိုရင် တရုတ်ကဝင်တဲ့လုံချည်တွေက ကိုယ့်ဆီကထက်စာရင် ဈေးနှုန်းသက်သာတယ်၊ ကုန်ကြမ်းတွေကသူတို့ဆီကမှာယူပြီး ရက်လုပ်ရတာဖြစ်တဲ့အတွက် ဈေးနှုန်းချင်း ယှဉ်လိုက်ရင် ကိုယ့်ဆီကထွက်တဲ့ကုန်တွေကဈေးနှုန်းက အားနည်းချက်ရှိတာပေါ့၊ ချည်ထည်လုပ်ငန်းတွေ တိုးတက်ဖို့အတွက် ဘာတွေလိုအပ်သလဲဆိုရင် အဓိကကတော့ ကျွန်တော်တို့ဆီမှာ အရည်အသွေးမီတဲ့ ကုန်ကြမ်းမထုတ်လုပ်နိုင်သေးတဲ့အတွက်ပါ၊ ကျွန်တော်တို့ဆီမှာ ကုန်ကြမ်းအနေနဲ့ အခု လောလောဆယ် (၁/၂၀) ချည်တွေတော့ထွက်ပါတယ်၊ ကုန်ကြမ်းက ကိုယ့်နိုင်ငံအတွင်းမှာ ထုတ်လုပ်နိုင်ရင် ပိုကောင်းတာပေါ့၊ ဈေးနှုန်းတွေလည်းယှဉ်နိုင်မယ်၊ ဈေးနှုန်းဆိုတာက ချည်ထည်ရဲ့ဒီဇိုင်းနဲ့ အရည်အသွေးပေါ်မှာ မူတည်ပါတယ်၊ ခေတ်ကိုက အသစ်အဆန်းကို ရွေးချယ်အသုံးပြုတာဆိုတော့ ဒီဇိုင်းကို တစ်နှစ်တစ်ခါ ဆန်းသစ်ရတယ်၊ ကုန်ကြမ်းဈေးတွေကတော့ အများကြီးတက်လာပါတယ်၊ အစိုးရတစ်ရပ်အနေနဲ့လည်း နိုင်ငံတကာက ဝင်လာတဲ့ကုန်တွေကို ထိန်းသိမ်းကွပ်ကဲဖို့လည်း လိုအပ်ပါတယ်၊ အခုအခြေအနေမှာတော့ ရွှေဘိုဒေသထွက်ချည်ထည်တွေက ပြည်တွင်းဈေးကွက်မှာတော့ ရောင်းအားကောင်းနေပါသေးတယ်" ဟု ရွှေဘိုမြို့နယ် ဆိတ်ခွန်ကျေးရွာမှ ချည်ထည်လုပ်ငန်းရှင်ကိုကျော်စိုးက ပြောသည်။

အိန္ဒိယနိုင်ငံထုတ် ချည်ထုပ်တစ်ထုပ်လျှင် ယခင်နှစ်က ငွေကျပ် ၃၀၀၀၀ ကျော်ရှိရာမှ ယခုနှစ်တွင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်လာကြောင်းနှင့် ရွှေဘိုမြို့နယ် ဆိတ်ခွန်ဒေသထွက် ချည်ထည်များကို မြန်မာနိုင်ငံတစ်ဝန်း တင်ပို့ရောင်းချလျက်ရှိပြီး အဓိကအနေဖြင့် မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ မြစ်ကြီးနားမြို့များသို့ အများဆုံးတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## လျှော်ဘေးအန္တရာယ်ဆိုင်ရာဇာတ်တိုက်လေ့ကျင့်ပညာပေး

**ပဲခူး ဖေဖော်ဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးပြီး ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီက ပဲခူးမြို့ ဥဿာမြို့သစ် (၈) ရပ်ကွက် မြို့ရှောင်လမ်းဘေးရှိ အငြိမ်းစားဝန်ထမ်းအိမ်ရာတွင် လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လျှော်ဇာတ်တိုက်လေ့ကျင့်ခန်း(သီဟဟင်္သာ) သရုပ်ပြသခြင်းအခမ်းအနားကျင်းပသည်။

UN-HABITAT မှ ဒေါ်သိမ့်ရီစိုးက လျှော်အန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးပြီး လျှော်လှုပ်ခတ်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံခန့်ခွဲရမည့်လုပ်ငန်းစဉ်များ၊ ကယ်ဆယ်ရှင်းလင်းရေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ကျန်းမာရေးစောင့်ရှောက်ရမည့် လုပ်ငန်းစဉ်များ၊ ဒဏ်ရာရရှိသူများနှင့် ပိတ်မိနေသူများကိုရှာဖွေ ကယ်ဆယ်၍ ဘေးကင်းရာသို့အရောက်ပို့ဆောင်ရမည့် လုပ်ငန်းများနှင့် လျှော်လှုပ်ပြီးနောက် လူနေအိမ်မှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ဆောင်ရွက်ပုံများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက လာရောက်အားပေးခြင်း၊ ကူညီစောင့်ရှောက် ထောက်ပံ့ခြင်းလုပ်ငန်းများကို ပူးပေါင်း၍ လေ့ကျင့်သရုပ်ပြသကြသည်။

လျှော်ဘေးအန္တရာယ်ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် တာဝန်ရှိသူအဆင့်ဆင့်တို့၏ လုပ်ဆောင်ချက်နှင့် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရမည့်နည်းလမ်းများ သိရှိနိုင်ခြင်း၊ လျှော်ဘေးအန္တရာယ်ဖြစ်လာလျှင် အချိန်နှင့်တစ်ပြေးညီ ပြန်လည်တုံ့ပြန်နိုင်ရန် အသိပညာဗဟုသုတများ တိုးပွားလာပြီး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထများတိုးပွားလာစေရန် ရည်ရွယ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လဝက၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ Resuce ပရဟိတအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ပြီး လျှော်အရေးကြုံလာပါက ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရန် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။

ဇာတ်တိုက်လေ့ကျင့်သရုပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြပြီး သရုပ်ပြသမှုအားလိုက်လံကြည့်ရှုအားပေးကာ သရုပ်ပြသကြသည့် ကယ်ဆယ်ရေးအဖွဲ့များအတွက် ပံ့ပိုးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဘုရားသုံးဆူမြို့ဖွံ့ဖြိုးရေးလုပ်ဆောင်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဖော်ဝါရီ ၄**
ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သော ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ဒေသဖွံ့ဖြိုးရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ ရောက်ရှိပြီး ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများအား ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ရေးအတွက် Pro.81 International ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော DOOSAN အမျိုးအစား ၇၅၀ ကီလိုဝပ်ရှိသော အင်ဂျင်စက် ခြောက်လုံးဖြင့် လျှပ်စစ်မီးပေးမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် Pro.81 International ကုမ္ပဏီမှ (MD) ဦးသက်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ကြာအင်းဆိပ်ကြီးမြို့နယ် ကြိမ်ချောင်းကျေးရွာ တောင်သူ ဦးစောအေဝမ်း စိုက်ပျိုးထားသည့် ဖြစ်ထွန်းအောင်မြင်နေသည့် စီလောင်း(လာအို)ရေတ်ကောင်းမျိုးအား ငှက်ပျောပင်နှင့် ပင်ခြားတန်းခြားကြားညှပ်ကာ စိုက်ပျိုးထားသည့် စိုက်ခင်းကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘုရားသုံးဆူမြို့ ပြည်ထောင်စုခန်းမတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားသုံးဆူမြို့နှင့် ထိစပ်လျက်ရှိသော ထိုင်း-မြန်မာ နယ်စပ်ချက်ပွိုင့်နေရာတွင် ရေမြောင်းဖောက်လုပ်ပေးနိုင်ရေးအတွက် ကြည့်ရှုခဲ့ပြီး ဘုရားသုံးဆူမြို့ (၂၅) ခုတင်ဆံ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများကို လည်းကောင်း၊ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများကိုလည်းကောင်း သွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်အတွင်း ဘောနီရေလှောင်တမံဆည်ရေဖြင့် နွေစပါးဧကပိုမိုစိုက်ပျိုး

**ဒိုက်ဦး ဖေဖော်ဝါရီ ၄**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေကိုပေးဝေလျက်ရှိရာ ဘောနီဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးလက်နေတောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးရွာသွန်းမှုများပြားခဲ့သောကြောင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေလှောင်တမံ၌ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၅၂၀၀ ကို သိုလှောင်နိုင်ခဲ့ကြောင်းသိရပြီး ဘောနီတမံမှ ဆည်ရေဖြင့် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ တူးမြောင်းမကြီး အလျား ၇ ဒသမ ၆၁ မိုင်၊ လက်တံမြောင်း ၁၂ ခုနှင့် အလျား ၃၉ မိုင်လက်တံခွဲမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေပေးဝေနေပြီဖြစ်၍ ဒေသခံတောင်သူလယ်သမားကြီးများအနေဖြင့် နွေစပါးစတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သည် မိုးကောင်းသော ဒေသဖြစ်ပြီး ရေကြီးရေနက်ကွင်းများ ပေါ်များသောကြောင့် တောင်သူလယ်သမားများအနေဖြင့် မိုးစပါးကို ရေလျော့ချိန်မှသာ နောက်ကျစိုက်ပျိုးကြရသည်ဖြစ်၍ ဘောနီရေလှောင်တမံမှ နွေစပါးရေပေးရာသီမတိုင်မီတွင် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမ၊ ကတုတ်ဘုရားကြီးနှင့် ပုကိုင်ကျေးရွာအုပ်စုများရှိ မိုးစပါးနောက်ကျ (ရေကျနောက်စိုက်) လယ်မြေဧက ၁၀၀၀၀ ကျော်အတွက် လိုအပ်သောအောင်ရေများကိုလည်း နှစ်စဉ်ပေးဝေရကြောင်း သိရသည်။

"ဘောနီဆည်ရေသောက်စနစ်အတွင်းမှာရှိတဲ့ တူးမြောင်းများနှင့် ရေပေးအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းကို ရေပေးရာသီမတိုင်မီမှာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်ကြောင့် ယခုနှစ် နွေစပါးရာသီမှာ ဆည်ရေကို အခက်အခဲမရှိ ပေးဝေနိုင်မှာဖြစ်ပြီး တောင်သူလယ်သမားများအနေဖြင့်လည်း နွေစပါးကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်" ဟု ဒိုက်ဦးမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ပြောကြားသည်။

ဘောနီရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် ရေပေးအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဌာနမှလုပ်သားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သောကြောင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ဆည်ရေသောက်ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါးသီးနှံကို ယခင်နှစ်တွင် ၃၃၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် နွေစပါးဧက ၃၉၀၀ ကို စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခင်နှစ်ကထက် ၅၆၅ ဧက ပိုမို စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သူရိန်ထွန်း(ပဲခူး)**

## ကုန်စည်ပြပွဲဆိုင်ရာ စင်တာကြီးတစ်ခု ထူထောင်မည်


**ရန်ကုန် ဖေဖော်ဝါရီ ၄**
အရည်အသွေးမီ မြန်မာ့ထုတ်ကုန်များ နိုင်ငံတကာ ဈေးကွက်များသို့ ထိုးဖောက် တင်ပို့သွားနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲများနှင့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်သည့် စင်တာကြီးတစ်ခု ရန်ကုန်မြို့တွင် ထူထောင်သွားရန်စီစဉ်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားသည်။

မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ တရုတ် (တိုင်ပေ) တို့တွင် လွန်ခဲ့သော ဆယ်စုနှစ်ကတည်းက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စင်တာများထူထောင်၍ ကုန်သွယ်မှုမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်လည်း ကုန်သွယ်မှုကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲစင်တာတစ်ခုကို နိုင်ငံတကာ အဆင့်မီ ထူထောင်သွားရန် ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိရန်ကုန်မြို့တွင် ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများပြုလုပ်ရာတွင် တပ်မတော်ခန်းမနှင့် မရမ်းကုန်းမြို့နယ်ရှိ မြန်မာအီးဗန့်ပတ်ခ်ကို အားထားနေကြရကြောင်း၊ နှစ်စဉ်ကုန်စည်ပြပွဲဆိုင်ရာပြပွဲပေါင်း ၄၀ ကျော်အထိ ပြသလာသည့်အတွက် ပြပွဲနေရာလိုအပ်ချက် မြင့်မားလျက်ရှိကြောင်း မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့်ဆွေးနွေးပွဲဆိုင်ရာအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ထူထောင်ခဲ့ကြောင်း၊ ယနေ့ နှစ်ပတ်လည် အခမ်းအနားသို့ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့မှ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အဖွဲ့အစည်းများ တက်ရောက်ခဲ့ပြီး ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများ တိုးမြှင့် ပြသသွားနိုင်ရေး ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောဝေယံ**



အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရေး/ထောက် အရာရှိ ဒုရဲမှူး မြင့်အောင် ဦးစီး၍ တပ်ဖွဲ့ဝင် ၂၇ ဦးနှင့် မိသားစု ရဲမေကိုးဦးတို့က ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ အကြိမ် (၃၀) မြောက် စုပေါင်းသွေးလှူခဲ့ကြကြောင်း သိရသည်။ ၆၈၉

## ဟင်္သာတမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့တွေ့ဆုံပွဲကျင်းပ

**ဟင်္သာတ ဖေဖော်ဝါရီ ၄**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်)ဦးဇေယျာက မြန်မာ့အသံချစ်သူများအဖွဲ့ Rdio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာ့အသံသို့ ဒေသဆိုင်ရာ သတင်းပေးပို့မှု အများဆုံးနှင့် ထူးချွန်စွာပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်များအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပရိုဂျက်တာဖြင့် ပြသပြီး ဟင်္သာတမြို့မှ ဝါသနာရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြပြီး မြန်မာ့အသံရေဒီယိုအစီအစဉ်များဖြစ်သည့် ရှင်သန်ခြင်းကမ်းလက်များ၊ မုသားနောက်ကွယ်ကဘဝများ၊ အမြို့မြို့အနယ်နယ်သတင်း၊ ပြုံးပဒေသာ အစီအစဉ်တို့ကို မိတ်ဆက်သရုပ်ပြ သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုး၊ ဦးအောင်ကိုကိုဦးနှင့် ဟင်္သာတခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ရှေ့နေနှင့် ပြန်ကြားရေး

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"
"ရှေ့နေနှင့်ပြန်ကြားရေးပါ"
"ကျွန်တော်သိပ်မရှင်းဘူးဆရာ"
"ရှင်းသွားအောင်ဖတ်ကြည့်ကြစို့"

**လုပ်ငန်းကော်မတီ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းသည်။ နည်းဥပဒေ ၃၃ (ခ)

(၁) မူဝါဒရေးရာလုပ်ငန်းကော်မတီ
(၂) နိုင်ငံတကာဆက်ဆံရေး၊ လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းကော်မတီ
(၃) ဥပဒေရေးရာလုပ်ငန်းကော်မတီ
(၄) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်း ကော်မတီ
(၅) ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ
(၆) ပြန်ကြားရေးလုပ်ငန်း ကော်မတီ လုပ်ငန်းကော်မတီအသီးသီးသည် ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေကြပါသည်။

**ပြန်ကြားရေးလုပ်ငန်းကော်မတီ၏တာဝန်များ**

အဂတိလိုက်စားမှုသည် ပြည်သူတစ်ရပ်လုံး၏ ဘုံရန်သူဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရမည်။ ဤတာဝန်ကို ပြန်ကြားမည်။ သန့်ရှင်းသောအစိုးရ ဖြစ်ရမည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းရမည်။ ထိုအခါ အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ယူသူများက အရေးကြီးသောကဏ္ဍမှ ပါဝင်လာပြီ။ စံပြဖြစ်အောင် ပြည်သူကိုခေါင်းဆောင်ကြရမည်။ ဂုဏ်သိက္ခာရှိကြရမည်။ တာဝန်ယူနိုင်ရမည်။ အဂတိကင်းစင်ကြောင်း လက်တွေ့ပြသနိုင်ရမည်။ နိုင်ငံတော်ပိုင်ပစ္စည်းများ မပြုန်းတီးရေး၊ အလေအလွင့်မဖြစ်ရေး၊ အလွဲသုံးစားမပြုရေး နှိုးဆော်ရမည်။ သတိပေးရမည်။ လူ့အဖွဲ့အစည်း တိုးတက်မြင့်မားစေရမည်။ နိုင်ငံသားအခွင့်အရေး မထိခိုက်စေရ။ အကာအကွယ်ပြုသည်။ ပညာပေးလုပ်ငန်းများ တိုးပွားအောင် ပြန်ကြားပေးရမည်။ သတင်းထုတ်ပြန်ရမည်။

အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရေး၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအကြောင်းစသည့် ဥပဒေ၏ရည်ရွယ်ချက်များကို ပြည်သူသိအောင် ကြံဆောင်နေရမည်။ သတင်းထုတ်ပြန်နေရမည်။ တတ်စွမ်းသမျှ ထောက်ကူကြရမည်ဟု ခံယူအပ်သည်။

လုပ်ငန်းကော်မတီအသီးသီးကလည်း ကော်မတီအလိုက် တာဝန်ကျေစွာ ကျင့်သုံးဆောင်ရွက်ကြမည် ဖြစ်ပေသည်။

**ပြန်ကြားရေး၏ အဓိပ္ပာယ်**

"ပြန်ကြား" ဟူသောအဓိပ္ပာယ်မှာ-

- တစ်ဖန်တဲ့၍ သိစေသည်။
- ထုတ်ဖော်သိစေသည်။
- တရားဓမ္မတွင် "ဤတရားကို ပြန်ကြားဆိုက်ဆိုက် မိန့်ပါလိုက်ဟု"သုံးနှုန်းသည်ဟု (မြန်မာအဘိဓာန်၊ အတွဲ-၃၊ ပ-ယ၊ စာ-၆၅)တွင် ဖော်ပြသည်။ ဤဖော်ပြချက်နှင့်အညီ ပြန်ကြားရေး၏ အဓိပ္ပာယ်ကို သတ်မှတ်၊ သိရှိ နားလည်စေသည်။

**ကုလသမဂ္ဂကွန်ဗင်းရှင်း**

ကုလသမဂ္ဂကွန်ဗင်းရှင်း၏ အပိုဒ် ၅ နှင့် ၆ တို့အရ စာချုပ်ဝင်နိုင်ငံများသည် မိမိတို့၏ ဥပဒေစနစ် အခြေခံမူများနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အဆိုပါ မူဝါဒများသည် ပြည်သူလူထုပူးပေါင်းပါဝင်နိုင်မှု၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာအခြေခံမူများပါဝင်မှု၊ အစိုးရလုပ်ငန်းများနှင့် ပြည်သူပိုင်ပစ္စည်းများကို ကောင်းစွာစီမံအုပ်ချုပ်နိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ အကျင့်စာရိတ္တမြင့်တင်နိုင်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ တိုးတက်ဖြစ်ထွန်းရေးအတွက် ရည်ရွယ်သည်ဟု-

(KAULA LUMPUR STATEMENT ON ANTI-CORRUPTION STRATEGIES 21-22 October 2013)

(ကွာလာလမ်ပူကြေညာချက်- ၂၀၁၃၊ အောက်တိုဘာလ ၂၁၊ ၂၂)တွင် ဖော်ပြသည်။

**အသိတရားနိုးထစေခြင်း**

အသိတရားနိုးထစေခြင်းသည် ပဓာနကျပါသည်။ စာပေကပေးခြင်း၊ ဟောပြောမှုကပေးခြင်း၊ ဆွေးနွေးမှုကပေးခြင်း စသည် ရှိနိုင်ပါသည်။ နည်းလမ်းအစုံရှိပေသည်။

**ကျောင်းသားလူငယ်များ**

အနာဂတ်ကိုပိုင်စိုးသော ကျောင်းသားလူငယ်များ၏ စာသင်ခန်းဘဝသည် ချိုမြိန်ဖွယ်ကာလဖြစ်ပါ၏။ အပြစ်ကင်းစင်သည့်ဘဝလည်း ဖြစ်ပါသည်။ ထိုအချိန်တွင် ကျောင်းသားလူငယ် အပေါင်းအား "အဂတိတရား၏ အပြစ်"ကို ခြေခြေမြစ်မြစ် သင်ကြားပေးထိုက်ပါသည်။

**ရပ်ရေးရွာရေး**

ကျေးလက်တောရွာနေပြည်သူများ၏ တင်ပြရန်၊ ဆွေးနွေးရန် အကြောင်းအရာများသည် များစွာရှိနိုင်ပါသည်။ အစည်းအဝေးခန်းမထဲမှာ ဆွေးနွေးသည့် လေ့နံဓားထစ်ပုံစံမျိုးတော့ သူတို့မှာ ဆန္ဒမရှိနိုင်။ ပွင့်လင်းခြင်း၊ ရိုးသားခြင်း၊ ခံစားရခြင်း၊ အစိုးရရုံးဌာနများသို့ မသွားလိုခြင်း၊ တရားရုံးများကို စိုးရွံ့ကြောက်လန့်ခြင်းများ ရှိနိုင်ပါသည်။ ရှိနေကြပါသည်။ အဂတိလိုက်စားမှုတွေ အမျိုးမျိုးကြုံရပုံ၊ ရင်ခုန်လှုပ်ရှားမှုတွေ အဖုံဖုံ -----။

**အများပြည်သူများ သိရှိနိုင်ပါရန်**

ထို့ကြောင့် "အဂတိလိုက်စားမှုဆိုင်ရာ သတင်းများကို အများပြည်သူများသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း"ဟု နည်းဥပဒေ ၅၉ (ဃ)က ဖော်ပြပါ တာဝန်ပေးအပ်ခြင်းပါ။ "အဂတိတိုက်ဖျက်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းဘာဆိုင်လို့လဲ"ဟု မေးခွန်းထုတ်သူများအတွက် အဖြေဖြစ်ပါသည်။



**ရုံးလိပ်စာဘယ်မှာလဲ**

"အဂတိမှုခင်းအတွက် ကျွန်တော် တိုင်ချင်ပါသည်။ အဂတိတိုက်ဖျက်ရေးကော်မရှင်ရုံးက ဘယ်မှာရှိပါသလဲ။ ရုံးလိပ်စာက ဘယ်လိုလဲ။ တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ ဝက်ဘ်ဆိုက်တွေမသိလို့" ဘယ်လိုတိုင်စာပို့ရမှာလဲ။ ဘယ်လိုရေးရမှာလဲစသည် စသည်-----မေးကြသည်။ တိုင်စာရေးပုံရေးနည်းကိုတော့ သင်ပေးရန် မသင့်ပါ။ သတ်မှတ်နည်းလမ်းများနှင့်အညီ တိုင်ကြားနိုင်ကြောင်းသာ ပြောပါရစေ။ ရုံးလိပ်စာကတော့ သတင်းစာမှာ ခဏခဏဖော်ပြပေးသည်။ ရုပ်မြင်သံကြားမှာ မကြာခဏ ကြေညာသည်။ သတင်းစာရှင်းလင်းပွဲတွေမှာလည်း ထပ်တလဲလဲ ပြောပြနေပါသည်။ တယ်လီဖုန်းနှင့် မေးသူတွေက ဒုနှင့်ဒေး။ မေးခွန်းတွေများလွန်း၍ ဖြေရသူတွေက မပြည့်စုံမှာ စိုးရိမ်သည်။ ဤရုံးပြန်ကြားရေးအနေနှင့် စိတ်ရှည်စွာဖြေကြားနေလျက်ပါ။ ဥပဒေမူဘောင်ထက်ကျော်ပြီး ဖြေကြား၍တော့ မဖြစ်နိုင်ပါ။

**ရုံးခွဲများ ဖွင့်ပေးပါတဲ့**

အချို့ကပြောသည်။ နေပြည်တော်မှာသာမက ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေမှာပါ ရုံးခွဲများဖွင့်ပေးပါတဲ့။ အလွန်ကောင်းသော အကြံဉာဏ်ပါ။ သို့သော် ဥပဒေကခွင့်မပြုသေး၍ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရုံးခွဲများ မဖွင့်နိုင်သေးခြင်းပါ။ နောင်ဖြစ်လာမည်ဟု မျှော်လင့်သည်။

**တယ်လီဖုန်းနှင့် တိုင်ကြားခြင်း**

အချို့ကလည်း တယ်လီဖုန်းနှင့် တိုင်ကြသည်။ တိုင်စာမရေးချင်ဘူးတဲ့။ အမည်မဖော်လိုဘူးတဲ့။ ယခုတယ်လီဖုန်းနှင့် တိုင်တာကိုပင် တရားဝင်တိုင်ချက်ဟု မှတ်ယူပါတဲ့။ အဂတိလိုက်စားနေသူ ဘယ်သူဘယ်ဝါ ဖြစ်ပါသည်---တဲ့။ ဤတင်ပြချက်ကို လတ်တလော မဖြစ်နိုင်သေးသော်လည်း လိုအပ်သလိုစဉ်းစားရတော့မည်။ သတင်းပြန်ကြားပေးခြင်းဖြစ်ပါသည်။ ဘာလုပ်ကြမည်လဲ။

**Facebook**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က website နှင့် facebook ဖွင့်ပေးထားပါသည်။ အများပြည်သူ သိစရာ၊ လေ့လာစရာတွေ စုံစုံလင်လင်ကို website တွင် ဖော်ပြပေးနေပါသည်။ facebook တွင်လည်း အများပြည်သူ၏ အကြံပြုချက်များ၊ ဝေဖန်ချက်များ ဖော်ပြနေပါသည်။ လွတ်လွတ်လပ်လပ်ပါ။ ပွင့်လင်းမြင်သာရှိပါသည်။

Facebook တွင် မှန်မှန်ကန်ကန် အပြစ်တင်ခြင်းကို လေးစားစွာကြိုဆိုပါသည်။ အပြုသဘောပါပါသည်။ ပုဂ္ဂိုလ်ရေး ဝေဖန်ထိုးနှက်ခြင်းမျိုးလည်းပါပါသည်။ ဆဲစာဟု ပြောနိုင်ပါသည်။ လူ့သဘာဝ ဖြစ်ပါသည်။ ဘယ်လိုမှ အကောင်းမမြင်နိုင်သူလည်း ရှိပါမည်။ ကြာတော့လည်း နားလည်သဘောပေါက်ပြီး အကြံဉာဏ်ကောင်းတွေ ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ အကြံဉာဏ်များ၊ ဝေဖန်ချက်များ၊ သုံးသပ်ချက်များကို လေးစားစွာ ကြိုဆိုမှတ်သားပါရစေ။ လိုက်နာကျင့်သုံးပါရစေ။

လွတ်လပ်သောအတွေး၊ လွတ်လပ်သော အကြံဉာဏ်တွေကို ပေးချင်တိုင်းပေးနိုင်ကြပါသည်။ ဆွေးနွေးနိုင်ကြပါသည်။ အမြင်ချင်းဖလှယ်နိုင်ကြပါသည်။

**ခက်ခက်ခဲခဲ**

ခက်ခက်ခဲခဲကိစ္စရပ်မျိုးလည်း ရှိမှာပါ။ မဖြစ်နိုင်တာတွေ၊ လုပ်၍မရတာတွေ၊ ဥပဒေမူဘောင်ကို ကျော်၍မရတာတွေ၊ လက်တွေ့နှင့် မအပ်စပ်တာတွေ ကြုံနိုင်ပါသည်။ တွေ့နိုင်ပါသည်။ တစ်ချိန်ချိန်တွင် အောင်ပွဲခံနိုင်မည်ဟု မျှော်လင့်ရပါသည်။

**စေတနာအခြေခံ**

အဂတိတိုက်ဖျက်ရေးစေတနာ အခြေခံသာ မှန်ပါစေ၊ ပူးပေါင်းညီညွတ်ကြပါစေ။ လက်တွဲနိုင်ကြပါစေ။ ဤအခြေအနေမျိုးတွင် လူထုပါဝင်သော၊ လူထုမျှော်မှန်းသောလုပ်ငန်းကြီး တိုးတက်အောင်မြင်နိုင်မည်ဟု ယုံကြည်မိပါသည်။ အခက်အခဲကုစားရန် နည်းလမ်းများ၊ အကြံဉာဏ်များ၊ အလုပ်များ ပေါ်ထွန်းအောင်မြင်ကြပါစေ။

**ချို့ယွင်းအားနည်းချက်များ**

ချို့ယွင်းအားနည်းချက်များကား အမြဲရှိလျက်ပါ။ ဘာကြောင့်လဲဟု အဖြေရှာကြရမှာပါ။ အဖြေမပေးဘဲ အနေဝေးသွားလျှင် ပို၍ဆိုးမည်လား။ စဉ်းစားဖွယ်ပါ။

**နိဂုံး**

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပြန်ကြားရေးသည် အရေးကြီးပါသည်။
(၂) အမြဲမပြတ် သုံးသပ်အကဲဖြတ်ပေးကြပါမည့်အကြောင်း တင်ပြအပ်ပါသည်။



## မြန်မာကြက်တောင်အားကစားအဖွဲ့ သောမတ်စ်ဖလားယှဉ်ပြိုင်ရန် ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်သည် ကစားသမားအမျိုးသား ၁၄ ဦး၊ အမျိုးသမီး ကိုးဦး၊ အုပ်ချုပ်နည်းပြအဖွဲ့ ငါးဦး စုစုပေါင်း ၂၈ ဦးအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း အာရှလူငယ်အသက် ၁၇ နှစ်နှင့် ၁၅ နှစ်အောက် တံခွန်စိုက်ပြိုင်ပွဲနှင့် အာဆီယံတက္ကသိုလ်များ ကြက်တောင်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သက်တန်းလိုက်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများကို ၂၀၁၇ ခုနှစ်အတွင်း ကိုးကြိမ်တိတိ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး စုစုပေါင်းရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ယခုနှစ်ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော CU open ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ အီရန်နိုင်ငံတွင် ကျင်းပမည့် International Challenge ၂၀၁၈ ပြိုင်ပွဲသို့ အမျိုးသမီးကစားသမား မသက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားပြီဖြစ်ပြီး ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ Aloe Setar မြို့၌ ကျင်းပမည့် သောမတ်စ်ဖလားကမ္ဘာ့အဆင့်သတ်မှတ်ချက် အသင်းလိုက်ကြက်တောင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင် ဦးဆောင်သော အလုပ်အမှုဆောင်များနှင့် အမျိုးသားအသင်း ကစားသမားများ စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦး ပါဝင်လျက် ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# ကမ္ဘာလှည့်ခရီးသည်တင် ဂျပန်အပျော်စီးသင်္ဘောကြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

AKM Tours. Co.ltd ၏အစီအစဉ်ဖြင့် ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာလှည့်ခရီးသည်တင်အပျော်စီးသင်္ဘောကြီး Pacific Venus Cruiseသည်ကမ္ဘာလှည့်ခရီးသည်များအား တင်ဆောင်ကာ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းက ရန်ကုန်မြို့မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့သည်။

အဆိုပါသင်္ဘောကြီးပေါ်တွင်ကမ္ဘာလှည့်ခရီးသည် ၃၃၂ ဦးခန့်နှင့် သင်္ဘောဝန်ထမ်း ၁၉၃ ဦးတို့ပါရှိပြီး ဖေဖော်ဝါရီ ၃ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိကာ ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ ဧည့်လမ်းညွှန်များလိုက်ပါကာ မြန်မာနိုင်ငံ၏ ရန်ကုန်-ပုဂံ-ညောင်ဦး မြို့များရှိအထင်ကရနေရာများသို့ လေ့လာလည်ပတ်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းမှတစ်ဆင့် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်းသိရသည်။

သင်္ဘောကြီးဆိုက်ကပ်ချိန်မှ ပြန်လည်ထွက်ခွာချိန်အထိ သက်ဆိုင်ရာ နယ်မြေ Tourist Police များမှမီးတန်းယာဉ်များဖြင့် အနီးကပ်လုံခြုံရေးဆောင်ရွက်သွားမည်ဟုသိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# စည်ပင်နှင့်ပြည်သူပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**မရမ်းကုန်း ဖေဖော်ဝါရီ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း မိုးရာသီ ရေစီးရေလာကောင်းရေးအတွက် မြို့နယ်စည်ပင်သာယာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အဖွဲ့ဝင်တို့ ပူးပေါင်း၍ ရပ်ကွက်အတွင်းပိုင်း လမ်းသွယ်များ ရေစီးရေလာကောင်းရေးအတွက် မရမ်းကုန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအေးသောင်း၏ ကြီးကြပ်မှုဖြင့် အမှတ် ၆ ရပ်ကွက်၊ အောက်သုခလမ်းတွင် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကို မြင်တွေ့ရသည်။

"ရပ်ကွက်အတွင်းပိုင်းမှာ ရေဝပ်ရေလျှံမှု မဖြစ်ပေါ်အောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်နေတာပါ။ အခုဆောင်ရွက်နေတဲ့ ၆ ရပ်ကွက်ကရေတွေက မင်းဓမ္မလမ်းက တစ်ဆင့် သမိုင်းချောင်းထဲကို စီးဝင်သွားမှာပါ" ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက မြေပြင်ရေစီးဆင်းမှုကို ရှင်းပြသည်။

အဆိုပါ လုပ်ငန်းခွင်တွင် လမ်းတံတားဌာနမှ လုပ်သားများ၊သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများက အမှတ် ၆ ရပ်ကွက် လူငယ်အားကစားကွင်းအရှေ့ အောင်သုခလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများကို ဆယ်ယူရှင်းလင်းကြပြီး လမ်းတံတားဌာနမှ မြေသယ်ယာဉ်ဖြင့် နေ့ချင်းပြီးသိမ်းဆည်းပေးခဲ့သည်ဟု သိရသည်။

**မောင်သုည**

# စာစီစာကုံးပြိုင်ပွဲ၊နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မယ်စဲ့ ဖေဖော်ဝါရီ ၄**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့က တိုင်းရင်းသားချစ်ကြည်ရေး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပေး ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

(၇၁)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲပြသခဲ့ရာ ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံ

**သဃ်န်းကျွန်း ဖေဖော်ဝါရီ ၄**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၂) တပ်ခွဲ၊ သဃ်န်းကျွန်းရထား ရဲစခန်းမှူး ရဲအုပ်ခင်မောင်သိန်းနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁ ရက် ည ၇ နာရီက သဃ်န်းကျွန်းဘူတာ အမှတ်(၁) စင်္ကြံပလက်ဖောင်း၊ လက်မှတ်ရုံရှေ့တွင် အိမ်မှဆင်းပြေးသူ မောင်ခန့်ဝင်းကျော်(ခ) ညီညီအားတွေ့ရသဖြင့် အဒေါ်ဖြစ်သူ ဒေါ်မြစန်းထံ စခန်းမှူးရဲအုပ်ခင်မောင်သိန်းမှတစ်ဆင့် လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်းသိရသည်။

**(၁၁၈)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်း(VDP)ရန်ပုံငွေများ ပေးအပ်

**လပွတ္တာ ဖေဖော်ဝါရီ ၄**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်း (VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လပွတ္တာမြို့နယ် မောင်းဒီးကျေးရွာ ဘုရားရှိခိုးကျောင်း၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး)က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စီမံကိန်းငွေ ကျပ်သိန်း ၁၀၀ အား ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေး ကျေးရွာကော်မတီဝင်များအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ စုစုပေါင်းအင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မောင်ဇော်**


# မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ကွင်းဆင်းကြည့်ရှု

**ပြည် ဖေဖော်ဝါရီ ၄**

ပြည်ခရိုင် ကျေးလက်ဦးစီးမှူး ဦးသန်းနိုင်ဦးသည် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက်က ပြည်မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သောမှော်ဇာကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာသို့သွားရောက်ကာ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်မည့် ( One Village One Product) လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရန်အတွက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဒေသခံကျေးရွာသူသားနှင့် တွေ့ဆုံပြောကြားခဲ့ကြောင်းသိရသည်။

**သူရအောင် (ပြည်)**

# Window Defender မှ အသုံးပြုသူများအား မသမာသောနည်းဖြင့် ငွေကြေးတောင်းခံနေသည့် Trial Version Apps များကိုဖျက်ပစ်တော့မည်



Window OS အသုံးပြုသူများ မကြာခဏကြုံတွေ့လေ့ရှိပြီး အချို့အသုံးပြုသူများသည် ကြော်ငြာကောင်းသည့် ၎င်း Appsများကို အမှတ်မထင် မိမိအသုံးပြုသည့် ကွန်ပျူတာအတွင်းသို့ သွင်းမိကာ အဆိုပါ Apps များမှ အသုံးပြုသူ၏ ကွန်ပျူတာတွင် Virus နှင့် ချွတ်ယွင်းချက်များရှိနေသည်ဟု သတိပေးချက်အတုများ ထုတ်ပြန်၍ ၎င်း Apps များကို Full Version အဖြစ်ဝယ်ယူရန် မသမာသောနည်းဖြင့်ငွေကြေးတောင်းခံခြင်းများရှိနေခြင်းကို Microsoft မှ မလိုအပ်သည့် Apps အများအဖြစ်သတ်မှတ်ကာ Window Defender ဖြင့် ကွန်ပျူတာအတွင်းမှ ဖယ်ရှားသွားတော့မည်ဟု သိရသည်။

အဆိုပါ Apps များသည် ကွန်ပျူတာနှင့် အွန်လိုင်းချိတ်ဆက်အသုံးပြုသူများတွင် အများဆုံးကြုံတွေ့ရလေ့ရှိပြီး အသုံးပြုသူအများစုအား မက်လုံးများပေးကာ အခမဲ့ဒေါင်းလော့ခ်ရယူခွင့်ပြုထားသည်။ သတ်မှတ်ကာလကျော်လွန်ပါက အဆိုပါ Apps များကို ဆက်လက်အသုံးပြုနိုင်ရန် Full Version အဖြစ်ဝယ်ယူခိုင်းခြင်းနှင့် မဝယ်ယူပဲ ၎င်း Apps အား ဆက်လက်ထားရှိပါက ကွန်ပျူတာအသုံးပြုနေစဉ် မကြာခဏ Error နှင့် ချွတ်ယွင်းချက်များ ကွန်ပျူတာတွင်ဖြစ်ပေါ်နေပြီဟူသော သတိပေးချက်များကိုပြသခြင်းတို့ ပြုလုပ်နိုင်ကြောင်းသိရသည်။

၎င်း Apps များအား အသုံးပြုသူ၏ကွန်ပျူတာတွင် သွင်းမိ၊ ထားမိပါက Apps အများစုမှာ မည်သို့မျှကောင်းမွန်သည့် လုပ်ဆောင်ချက်မျိုး အထောက်အပံ့ပေးနိုင်မည်မဟုတ်ဘဲ စက်အတွင်းသိုလှောင်သိမ်းဆည်းမှုနေရာများယူလာခြင်း၊ ကွန်ပျူတာ၏ စွမ်းဆောင်မှုအချို့ထိခိုက်နှောင့်နှေးခြင်းနှင့်၊ ၎င်းတို့၏ မဟုတ်မမှန်သတိပေးချက်များကြောင့် အသုံးပြုသူစိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ မသိနားမလည်ဘဲ အပိုငွေကြေးကုန်ကျခြင်းများ များစွာဖြစ်ပေါ်လျက်ရှိခြင်းကြောင့် Microsoft မှ ယခုကဲ့သို့ တိုက်ဖျက်ရေးအစီအစဉ်အား Window Defender အသုံးပြုကာ ဆောင်ရွက်သွားတော့မည်ဖြစ်သည်။

လာမည့် ၂၀၁၈ ခုနှစ် မတ်လမှစတင်ကာ Update ရရှိထားပြီးဖြစ်သော မည်သည့် Window OS သုံးကွန်ပျူတာများတွင်မဆို အဆိုပါ Trial Apps များကို Window Defender မှ ကွန်ပျူတာအတွင်း အပြီးတိုင်ဖျက်ထုတ်ပေးသွားမည်ဖြစ်သည်။ အခြားတရားမဝင် မဟုတ်မမှန် ဒေါင်းလော့ခ်ဆွဲခိုင်းသော Apps များ၊ အတင်းအကျပ် စာရင်းသွင်းခြင်းများကို လုပ်ဆောင်ခိုင်းသည့် Apps များအပြင် ကွန်ပျူတာအတွက် မလိုအပ်သည့် ဆော့ဝဲပိုင်းများကို Window Defender မှ ထိန်းချုပ်ဖျက်ဆီးပေးသွားမည်ဖြစ်သည်ဟု သိရသည်။

ALEX

# တရုတ်နှစ်သစ်ကူးအတွက် Razer မှ အထူးထုတ်လုပ်ထားသော စမတ်ဖုန်းများ မိတ်ဆက်



Gamming Phone ဟု သိရှိထားကြသော Razer ကုမ္ပဏီသည် ၂၀၁၇ နှစ်ကုန်ပိုင်းတွင် သူ၏ စမတ်ဖုန်းနှင့် လက်ပ်တော့များကို မိတ်ဆက်ပေးခဲ့သည်။ ၎င်းကုမ္ပဏီထုတ် စမတ်ဖုန်းနှင့် လက်ပ်တော့များသည် ဂိမ်းကစားသူများအတွက် အဓိကရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကာ ရုပ်ထွက်နှင့် အသံအရည်အသွေးအထူးကောင်းမွန်သည်ဟု သိရသည်။ ယခုထပ်မံ အသစ်မိတ်ဆက်ပေးလိုက်သော စမတ်ဖုန်းမှာ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် မိတ်ဆက်ထုတ်လုပ်လိုက်သည့်ဖုန်းဖြစ်ပြီး ၂၀၁၇ ခုနှစ်က ထွက်ရှိထားသော Razer Phone နှင့် ပါဝင်သည့်အချက်အလက်များ တူညီမှုရှိကာ အပြင်ကိုယ်ထည်ပိုင်းကို ပြန်လည်ဆန်းသစ်ထားသည်။

၎င်းစမတ်ဖုန်း၏ အမည်မှာ Razer Phone 2018 Gold Edition ဖြစ်ကာ စမတ်ဖုန်း၏ကျောဘက်တွင် ကုမ္ပဏီတံဆိပ်ကို ရွှေရောင်ဖြင့်ထည့်သွင်းပေးထားကာ ထုပ်ပိုးမှုဒီဇိုင်းတွင် တရုတ်နှစ်ကူးအထိမ်းအမှတ် အနီရောင်ဘူးခွံကို အသုံးပြုထားသည်။ အရှေ့ဘက်တွင် အသံအရည်အသွေးကောင်းမွန်သည့် စပီကာနှစ်လုံးပါဝင်ကာ မျက်နှာပြင် အကျယ် ၅ ဒသမ ၇ လက်မနှင့် လျှင်မြန်စွာလှုပ်ရှားနိုင်သော ထိတွေ့မျက်နှာပြင်၊ RAM 8 GB ပမာဏနှင့် Snapdragon 835 ပရိုဆက်ဆာတို့မှာ မည်သည့်ဂိမ်းအမျိုးအစားကိုမဆို ကောင်းမွန်သည့်လုပ်ဆောင်ချက်များ အထောက်အပံ့ပေးသွားနိုင်မည်ဖြစ်သည်ဟု သိရသည်။

ယခင်ထုတ်လုပ်ရောင်းချခဲ့သော ဈေးနှုန်းအတိုင်းပင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပမာဏပါဝင်ပြီး ကျောဘက်ကင်မရာ 12+13 MP နှင့် အရှေ့ဘက်ကင်မရာ 8MP တို့ပါဝင်ကာ ဘေးဘက်တွင် လက်ဗွေဖတ်စနစ်ထည့်သွင်းပေးထားပြီး 4000 mAh ပမာဏရှိ ဘက်ထရီ တပ်ဆင်ပေးထားသည်ဟုသိရသည်။

ALEX

## "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## "New Mandalay Resort City" တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ၏

## "New Mandalay Resort City" စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသူအား EOI ဖိတ်ခေါ်ခြင်း

## Invitation for Expression of Interest

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်၊ မန္တလေး-လားရှိုးလမ်းမကြီးဘေး (၂၁)မိုင် အနီးပတ်ဝန်းကျင်တွင် New Mandalay Resort City (ရတနာပုံ Cyber City) ကိုဖော်ထုတ်လျက်ရှိပါသည်။ ဧရိယာ(၁၀၀၀၀)ဧကခန့် ကျယ်ဝန်းပြီးဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေခံသည့် Green, Clean and Smart City အဖြစ် အပိုင်းလိုက် အကောင်အထည်ဖော် ထူထောင်ဆောင်ရွက်ရန် လျာထားပြီး Conceptual Development Plan များရေးဆွဲထားပါသည်။

မြန်မာနိုင်ငံအစိုးရ၊ တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီမှ ဦးစီး၍ New Mandalay Resort City (NMR City) စီမံကိန်းကိုစက်မှု IT နည်းပညာ၊ စိုက်ပျိုးရေးစီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအခြေပြုမြို့အဖြစ် ဖော်ဆောင်မည်ဖြစ်သဖြင့် စီမံကိန်းဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပမှ ပင်မရင်းနှီးမြှုပ်နှံတည်ထောင်လိုသူ (Master Developer) ၏ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)ကို တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စီမံကိန်းမြေအားထိရောက်အကျိုးရှိစွာအကောင်အထည်ဖော်နိုင်မည့် ကျွမ်းကျင်မှုနှင့် လုပ်ကိုင်နိုင်စွမ်းရှိသောကုမ္ပဏီ အဖွဲ့အစည်းများသည် NMR City Concept Plan အပေါ် အခြေခံ၍ တည်ဆောက်ရေး၊ ဈေးကွက်ရှာဖွေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်လိုကြောင်းအဆိုပြုလွှာကိုတင်သွင်းရမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များနှင့် ညွှန်ကြားချက်ပုံစံများကိုဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရုံးအမှတ်(၄၀) (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရရှိနိုင်ပါသည်။EOI လျှောက်လွှာကို **၃၁-၃-၂၀၁၈** ရက်နေ့ ညနေ(၅)နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။ ကနဦးရွေးချယ်ခြင်းခံရသည့် Short Listed Firm စာရင်းကိုရွေးချယ်ရေးဘုတ်အဖွဲ့မှ စိစစ်ရွေးချယ်ပြီးနောက် ထုတ်ပြန်ကြေညာပါမည်။


**ဆက်သွယ်ရန်ဖုန်းနံပါတ်-**

ဦးသက်နိုင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး
၀၉၅၁၄၃၈၅၀ ၊၀၂၇၅၁၉၄

ဒေါ်မိုးသီတာ
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်
၀၉ ၂၂၁၆၆၃၈၊ ၀၆၇ ၃၄၀၇၃၁၁

ဦးစိန်မြင့်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး
အစိုးရအဖွဲ့ရုံး
၀၉၄၀၀၆၈၅၃၅၀

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် New Mandalay Resort Cityစီမံကိန်းအဆိုပြုသဘောထားပုံစံ**



"နိုင်းခွန်ဓနဘင်" ကုမ္ပဏီ
01-860 3565 ~7, 09 731 65656, 09 250 373716, 09 4500 62865

| | | | |
|---|---|---|---|
| တ/၃ဓမ္မစေတီလမ်းမ၊ ဝရန် | (40×60) | 2RC | 13000L |
| ရန်ကင်းမြို့သစ်သာယာဂရန် | (55×100) | 2RC | 11000L |
| မရမ်းကုန်းမောင်လမ်း ဂရန် | (35×100) | 1RC | 7500L |
| ဗဟန်းခိုလ်ချိုဘိုဆွား | (40×60) | 2BN | 6500L |
| မ/ဒဂုံ သစ်တောရုပ်တွက်ဂရန် | (40×60) | 2RC | 3900L |
| သဃင်းကျွန်းဂရန် | (28×67) | မြေ | 3200L |
| စမ်းချောင်းစစ်ကိုင်းလမ်းဂရန် | (27×55) | မြေ | 2500L |
| ဗဟန်း UHC ဓလေးခန်းအိမ် | (6800sqft) | 2RC | US 4300 |
| ရန်ကင်း အောင်ဇေယျလမ်း | (80×120) | မြေ | 70L |
| သင်္ဃန်းကျွန်းရတနာလမ်း | (68×108) | မြေ | 55L |
| ဗဟန်းနတ်မောက်လမ်း | (70×100) | 2RC | 40L |
| လှိုင်မြို့နယ်သာသီရိ | (50×60) | 3RC | 30L |
| မရမ်းကုန်းရွှေနှင်းဆီလမ်း | (50×107) | 2RC | 21L |
| တ/ဒဂုံမြို့သစ်(Sony) | (80×135) | 1RC | 20L |
| သင်္ဃန်းကျွန်း VIP(I) | (60×60) | 2RC | 18L |

ဥမှိ ✓ ယူဝိတ်ရှောင်တွင်မပါရှိသော်လည်းလူကြိုက်များသော ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆရာမ ... 09-444450646, 09-444450550, 09-250144799
Feb 9,16,23,28
Mar 1,2,16,23,30

ပန်းမြောင်းတိုက်နယ်၊ လူမှုရေးအသင်း(ရန်ကုန်)

'အစည်းအဝေးဖိတ်ခေါ်ခြင်း'

အသင်းအစည်းအဝေးကို (၁၇-၂-၂၀၁၈) ရက် နေ့ နံနက် (၉)နာရီ အချိန်တွင် ... ကျင်းပမည်ဖြစ်ပါသည်။ ... ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နန်း-ဦး-ဦး ... ဘုရားဖူးခရီးဆောင်ရေး
ဖုန်းဆက်ရန် 01-391577, 056-21671, 09-5122961, 09-255811682

ကောင်း
ph: 09795549249, 095418126, 09-795546884

ရတနာ ... ဘုရားဖူး
Feb 9,16,23,28
80000
65000
50000
40000
60000

KING STAR ဖုန်း- 09 264723535, 09 263113229
ကွန်ပျူတာအတတ်သင် 35000Ks
Internet-12000Ks
i-Office 2010
D.T.P
Graphic Design
A+ Hardware



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
Down Town (၆)မြို့နယ်နှင့်အလွန်နီးစပ်ခြင်း။ Capital, Citymart နှင့် Shwe Puzun အနီးတွင်တည်ရှိခြင်း။ လမ်းနှစ်ဖက်၏ Corner တွင်တည်ရှိ၍ ကား (၈) စီးခန့်ရပ်နိုင်ပါသည်။ အိမ်၏အပေါ်ထပ်မှ ရွှေတိဂုံဘုရားအား နေ့စဉ်ဖူးမြော်နိုင်ပါသည်။ မျက်နှာချင်းဆိုင်တွင် RiverView ဖြစ်၍ ကျန်းမာရေးအတွက် လေကောင်း၊ လေသန့်ရရှိနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေနိုင်ပါသည်။
(အထူးဈေးနှုန်း - ၄၀၀၀ သိန်း)
သာကေတမြို့နယ်၊ ကမာကြည် Water Front Villa , 2RC , ဂရန် (အမည်ပေါက်)
(60'x60') 1MBR, 4BR, 4A/C, အဆင့်မြင့်ပြင်ပြီး။
ဆက်သွယ်ရန် ... 09-787878 600 , 09-541 8022

အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်
Mini-Condo တစ်ခန်းသာကျန်
တ/ဥ ပြည်စိုးရိလမ်းသန့်၊ အသင့်နေ
ဖုန်း ၀၉-၇၈၈၆၃၀၃၀၁၊ ၀၉-၄၅၁၀၅၅၆၅၉

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အမက-မာလာရုံ(တိုက်ကြီး)မှ ဒေါ်ချိုမာဝေ(မူပြ) [၁၂/တကန(နိုင်) ၁၄၈၀၃၄] ၏ဖခင် ဦးသက်ဝေနှင့် ဦးကုတ်ဝီ[၁၂/တကန(နိုင်)၀၉၈၀၀၈]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးသက်ဝေ(ခ)ဦးကုတ်ဝီ**

**မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ် တောင်ပုံအုပ်စု၊ ဥတုံးပင်ရွာနေ (အဖ) ဦးသန်းဇော်ဝင်း (အမိ) ဒေါ်မြင့်မြင့်မူ၏ သမီးဖြစ်သူ မစုစုလှိုင်(ခ) မဇင်သူလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၄-၂၀၀၄ ခုနှစ် ဖြစ်ပါကြောင်း။

**မစုစုလှိုင်(ခ)မဇင်သူလှိုင်**

**အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(C)မှ နန်းဟွမ်ကွမ်ခေး၏ အမည်မှန်မှာ နန်းကွန်ဟွမ်ခေး ဖြစ်ပါကြောင်း။

**နန်းကွန်ဟွမ်ခေး**

သားကြီး မောင်မင်းမင်းလတ် [၁၂/မရက(နိုင်)၁၆၈၄၅၇]

**သားကြီးရေ**

သားရင်ဆိုင်ဖြေရှင်းနေရတဲ့ အခက်အခဲများရှိနေခဲ့ရင် ဖေဖေ/မေမေ တို့ကို တိုင်ပင်ဖို့ မေ့မနေပါနဲ့။ သားရဲ့အနာဂတ်အတွက်လည်း အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးပါ့မယ်။ ဖေဖေ/မေမေတို့ကို ဆက်သွယ်ဖို့အတွက် စိုးရိမ်မနေပါနဲ့။ ခွင့်လွှတ်ပါတယ်။

**ဖေဖေ/မေမေ**



COAIRE
Kyungwon Air Compressor and Accessories
Kyungwon Air Compressor advantages
Kyungwon Machinery Co., Ltd. Korea

ရောင်ခြည်ထစ်
အိမ်မြောင်း/အိမ်ရှေ့လုပ်ငန်း
10',14',15' အားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

GZ Real Estate Company
... GZ Real Estate Company (Japan Branch) မှ ...
ဆက်သွယ်ရန် ✱ 09-458285095, 09-424523234
အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

• သွားနှင့်ခံတွင်းကျန်းမာရေး
• အမျိုးသမီးများအပြုဆိုင်ရောဂါ
• အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေး
• ဓာတ်မတည့်ခြင်း၊ ပန်းနာရင်ကြပ်ရောဂါနှင့် နှင်းခူရောဂါ
• အော်တိုအင်မြူးရောဂါများဖြစ်သော
သွေးလေးဖက်နာရောဂါ၊ SLE ရောဂါနှင့် ဆိုရီရေးစစ်ရောဂါ
စသည်တို့ကို ကာကွယ်၊ ကုသရာတွင် အသုံးပြုနိုင်သည့်
အကျိုးပြုအဏုဇီဝပိုး "Probiotics" အကြောင်းကို
သိပ္ပံနည်းကျကျ ပြည့်စုံစွာ လေ့လာဖတ်ရှုရမည်....
ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ်
ဒေါက်တာခင်မောင်လွင် (FAME)



Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

Golden Floor
အဆင့်မြင့် Laminated ပါကေး အရောင်းခန်းမ
Hot Line - 09-51 87 887, 09 50 254 23 , 09-51 40 655
ဥ တု ရာ သီ တော ကို မှီ ၏

လုံတောင်းအညာသီဟတော

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
Ph: 09-770639155
09-770639166

နိုင်ငံခြားသားများနေထိုင်ရန်
Ph: 09-73008848, 01-394053




Customer များရရှိမည့်အားသာချက် DREAM ALUMINUM
Euro System 45° ထောင့်ချိုး ဖြစ်ခြင်းကြောင့် အဆောက်အဦ၏ အလှကို ဖော်ဆောင်ပေးခြင်း။
Euro System Click Type ဖြစ်ခြင်းကြောင့် Screw အရောများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာမကျခြင်း။
Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



Showroom (1) No(223 /225)၊ ကျိုက္ကဆံလမ်းမကြီးကျောက်မြောင်းဈေးမှတ်တိုင်၊ တာမွေမြို့နယ်၊ Ph:01-8604394,09-977910201, 09-263563664
Showroom (2) No(133)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ Ph : 09 - 260905818 , 09-254048775 , 09- 951091111

Mechanic Engineer
Apex Greatest Industrial Services Co., Ltd.
Ph:012317438, 012301570

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ မြေကွက်အမှတ်(၈၈)၊ ဧရိယာ(၀. ၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၈)၊ ပျဉ်းမပင်မြောက်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်ဝင်းဝင်းခိုင် [၁၂/တမန(နိုင်)၀၅၆၆၀၈] အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းဝင်းခိုင်သည် (၂၁-၅-၁၇)ရက်တွင်ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ Mr Shin Pyongoh မှ (၄၁၅၉/၁၈-၁၁-၁၇) ရက်စွဲဖြင့် တရားရုံးကျမ်းကျိန်လွှာဖြင့် မြေပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍သားသမီးထံပိုင်ဆိုင်ခွင့် လွှဲအပ်မှုကိုသဘောတူညီကြောင်း၊ နောက်ပိုင်းတွင်လည်း မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်တောင်းခံမည်မဟုတ်ကြောင်း ဝန်ခံကတိပြုစာတို့နှင့်အတူ သားသမီးများဖြစ်ကြသော ဒေါ်တင်ခိုင်ရှင်း[၁၂/တမန(ပြု)၀၀၀၂၈၈]၊ ဦးရှင်းမောင်မောင်[၁၂/တမန(ပြု)၀၀၀၂၈၉]တို့မှ အမည်ပေါက် ဒေါ်ဝင်းဝင်းခိုင်၏သေစာရင်း အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်တို့ကိုတင်ပြ၍ ၎င်းတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၆၄၈/၂၀-၁၀-၁၇)ဖြင့်ရရှိသူ ဒေါ်မေသူသူ [၁၄/ဟကက(နိုင်)၀၁၁၁၇၇]မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တော တောင် ပျက် ပြုန်း မြေ ဆီ သုဉ်း ၏

ဒေါ်ခင်ဝင်း ဦးစီးသော
**ဝယာဘရွှေပြည်** ဗုဒ္ဓဂယာ-ဘန်ကောက်-သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့

| ဂယာ | သီရိလင်္ကာ | ဘန်ကောက် |
|---|---|---|
| (15 ရက်ခရီးစဉ်) | Mar-1(တပေါင်းလပြည့်) | ဘန်ကောက်(4)ရက် |
| Mar- 4, 21 | Apr-12 (သင်္ကြန်)၊ Apr-29 (ကဆုန်လပြည့်) | Apr-12 (သင်္ကြန်) May- 5, 16, 22 |
| Apr-12(သင်္ကြန်) | May-29(နယုန်လပြည့်)ဟိုတယ်သီးသန့် | ဘန်ကောက် - ကမ္ဘောဒီးယား (5)ရက် |
| | | Apr-12၊ May-5 (ဟိုတယ်သီးသန့်) |

မိသားစု / အဖွဲ့အစည်း သီးသန့်သွားလိုသူများကိုစီစဉ်ပေးပါသည်။ ခရီးစဉ်များအားလုံး(၁၀)ဦးအထက်အထူးဈေးနှုန်းရှိပါသည်။
အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။ ဖုန်း: ၀၁- ၂၂၁၅၀၆၊၀၉-၅၀၃၅၅၅၁၅၀၊ ၀၉-၄၂၇၉၄၇၉၅၄

**ရွှေဒိုးဖြိုး** 09421073634, 0977763663
Feb -9,16,23,28
* မြဝတီ၊ မဲဆောက်၊ ဘားအံ Hotel 70000 95000
* (40000)
* (60000)
* (120000)
* (60000)

**သုခမိန်အာဒေ** 01-253079 / 09 51 55654 / 09 76 51 55654
မြစ်ကြီးနားမိစံ, ဟေမကောင်း - ဝကျော့ ဘင်္ဂလီ 5D/4N ခရီးစဉ်များ
MARCH 28-2-2018 / APRIL 12-4-2018

**Innlay Lover** Travels & Tours
အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

| | | | | | |
|---|---|---|---|---|---|
| • ကောင်းကြီး ... | Feb-9,28 / Mar-23 | 149,000 Ks | • ... (2N) | Feb - 16 / Mar - 9 | 85,000 Ks |
| • ... | Feb-9,28,Mar-23 | 149,000 Ks | • ... (3N) | Feb-28,Mar-16 | 195,000 Ks |
| • ... (4N) | Feb-9 | 265,000 Ks | • ... (2N) | Feb-28,Mar-9 | 75,000 Ks |
| • ... (4N) | Feb-9,Mar-1,16 | 220,000 Ks | • ... (2N) | Feb-9,16,28 / Mar-16 | 120,000 Ks |
| • မြဝတီ မဲဆောက် (2 N) | Feb-16,Mar-9 | 120,000 Ks | | | |

အဆင့်မြင့်ဟိုတယ်၊ ... Guide Service ပါပြီး။
Call us: 09-5010851, 09-4210 30 814, 09-97 925 2020.

**Taw Win Nan Htake Htar Travels & Tours**
No.(1), 151st, Tamwe Township, Yangon.
5N/6D, 4N/5D, 4N/5D, 4N/5D, 4N/5D, 4N/5D, 3N/4D, 3N/4D, 3N/4D, 3N/4D, 3N/4D, 3N/4D
Feb - 2, 9, 16, 23, 28
Mar - 23
09- 4500 43394, 09-252630799, 09-787177990

**အမည်မှန်**
ပျဉ်းမနားမြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာအုပ်စု မူလွန်ကံဦး(ရွေ့)ကျောင်း၊ ပဥ္စမတန်း(A)မှ မသက်မွန်မြင့်နှင့် အလက-ဝဲကြီး(ရွေ့)ကျောင်း၊ အဌမတန်းမှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုမှတ်ပုံတင်စာရင်းအရ ဦးသန်းဝင်း ၉/ပမန(နိုင်)၁၆၉၀၃၉ ဖြစ်ပါကြောင်း။ ဦးသန်းဝင်း ၉/ပမန(နိုင်)၁၆၉၀၃၉

**သာလွန်ကျော်**
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph: 09-420780797
09-254285314

**ဦးဇော်မျိုးအောင်** B.E [Civil]
09 515 3319, 0977 515 3319 , 09 451 555 009

**အမြန်ငှားလိုသည်။(GLGD Agency)**
1.Golden City၊ GEMS၊ Malikha ကွန်ဒိုရိုအခန်းများ အမြန်ငှားလိုသောနိုင်ငံခြားသားအသည်များရှိနေပါသဖြင့်ပိုင်ရှင်အမြန်ဆက်သွယ်ပေးနိုင်ပါသည်။
2.ဗဟိုမှုဖုန်းအတွင်း မြေ3ဧက 80000~1000000 sqft (2.5ဧက) ဝက်ရှိ အမြန်ငှားလိုပါသည်။
3.တောင်ဥက္ကလာပ၊ ရန်ကင်း၊ ယန်ကင်းမြို့နယ်လမ်းမပေါ်ရှိ (80x100)မြေကွက်ငှား/ဝယ် လိုပါသည်။
Ph:09263202240 / 09799541265

**ဖိနပ်ငါးလုံး အကျိတ်အဖုဆေး**

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

**နေရာတိုင်းဆောင်ထား**
Since 2001
* အခရောက်ဗို
* တဝ်ဆင်
* ရှင်းပြ

Rain Flower




5 Year Warranty

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၀၀၀၈၃၀
-၀၉-၇၃၀၀၀၈၃၀
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
ဥ-ရိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
